ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (9-1-2008) (၅၅၅၇)

တပေါဝ
တော် မင်္ဂလ မုတ္တမံ

ဖြိုးဖြိုးစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဝန်ကြီး ဗိုလ်ချုပ်စောထွန်း မကွေးတိုင်းအတွင်း လမ်းတံတားလုပ်ငန်းများစစ်ဆေး ပွင့်လင်းရာသီတွင် လုပ်ငန်းများပြီးနိုင်သမျှပြီးအောင် အမြန်ဆုံးဆောင်ရွက်ရန်မှာကြား ရန်ကုန်-မန္တလေး အမြန်လမ်း စီမံကိန်းလုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေး

နေပြည်တော် ဇန်နဝါရီ ၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၅ရက် နံနက်ပိုင်းတွင် မင်းဘူး-မင်းလှ လမ်းပေါ်ရှိ တံတားအမှတ်(၄/၆) ဖလံရိုတံတားသို့ရောက်ရှိပြီး တံတားကြီး၏ ကြံ့ခိုင်မှုအခြေအနေကိုလည်းကောင်း၊ အရှည် ၂၅၂ ပေရှိ တံတားအမှတ်(၂/၁၀) ရွာသာယာတံတား တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် မင်းဘူး-စလင်း-ဆိပ်ဖြူ လမ်းပေါ်ရှိ မန်းချောင်းတံတား၊ မုန်းချောင်းတံတားနှင့် စလင်းချောင်းတံတား(နွယ်တမယ်)တို့၏ တံတားကြံ့ခိုင်မှုအခြေအနေတို့ကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းတွင် မကွေး-တောင်တွင်းကြီး-မြို့သစ်-နတ်မောက် လမ်းပေါ်ရှိ တံတားအမှတ်(၁/၂၇) ယင်းချောင်းတံတားတည်ဆောက်မည့်နေရာသို့ ရောက်ရှိပြီး ဝန်ကြီးက ရေလမ်းကြောင်းကို **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

မူဆယ်(၁၀၅)မိုင်တွင် အအေးခန်းတည်ဆောက်ပြီး သိုလှောင်ရောင်းချနိုင်ခြင်းကြောင့် ငါး၊ ပုစွန်ဈေးကွက်သည် ရောင်းသူစိတ်ကြိုက် ဈေးကွက်အဖြစ် ရောက်ရှိလာခဲ့သည်။

မူဆယ်(၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်တွင် မြန်မာ့ရေထွက်ပစ္စည်းများ ရောင်းအားကောင်း
အအေးခန်းများတည်ဆောက် သိုလှောင်ရောင်းချနိုင်၍ ဈေးကွက်တွင်အသာရ

သတင်းနှင့်ဓာတ်ပုံ–ကျော်ကျော်(ဗန်းမော်)

မူဆယ်(၁၀၅)မိုင် ဇန်နဝါရီ ၈

မြန်မာ–တရုတ် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ယခုအခါ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ မူဆယ်(၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်တွင် မြန်မာ့ရေထွက်ပစ္စည်းများဖြစ်သော ငါး၊ ပုစွန်၊ ငါးရှဉ့်၊ ကဏန်းများမှာ ၁၂ ရာသီပတ်လုံး ရောင်းအားကောင်းလျက်ရှိကြောင်း၊ ငါးရှဉ့်၊ ကဏန်းများကို ရောင်းချရာတွင် လေလံစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ကဏန်းများရောင်းချရာတွင် တစ်ကောင်ချင်း အလေးချိန်အလိုက် အတန်းအစားခွဲခြားရောင်းချလျက်ရှိရာ ကီလိုဂရမ် ၂၅၀ အထက် ကဏန်းများကို A အဆင့်၊ ကီလိုဂရမ် ၂၀၀ မှ ၂၅၀ ကို B အဆင့်၊ ကီလိုဂရမ် ၁၅၀ မှ ၂၀၀ ကို C အဆင့်၊ ကီလိုဂရမ် ၁၀၀ မှ ၁၅၀ ကို D အဆင့်အဖြစ် သတ်မှတ်ထားသည်။ ကီလိုဂရမ် ၁၀၀ အောက် ကဏန်းများကို မျိုးထိန်းသိမ်းရေးအတွက်ရည်ရွယ်၍ ရောင်းချခွင့် မပြုကြောင်း သိရသည်။ ကဏန်းများကို ရခိုင်ကမ်းရိုးတန်းဒေသမှ အများဆုံး တင်ပို့နေခြင်းဖြစ်ပြီး မူဆယ်သို့ နေ့စဉ် ကဏန်းကား ၁၅ စီးခန့် ဝင်ရောက်လျက်ရှိနေသည်။ ဒီဇင်ဘာလကုန်ရက် မူဆယ်(၁၀၅)မိုင် ကဏန်းပေါက်ဈေးမှာ အမျိုးအစားအလိုက် တစ်တန်လျှင် ဒေါ်လာ ၂၀၀၀ မှ ၂၅၀၀ ကျော်ခန့်အထိ ဈေးပေါက်ကြောင်း သိရသည်။

ငါးရှဉ့်များလည်း တစ်နှစ်ပတ်လုံး ဈေးကွက်အတွင်း ဝင်ရောက်လျက်ရှိရာ မိုးရာသီတွင် အဝင်များပြီး ကားလေးစီးမှ ခြောက်စီးအထိဝင်ကြောင်း၊ ဆောင်းရာသီတွင် ပုံမှန်သုံးစီးခန့်အထိ ဝင်ရောက်လျက်ရှိသည်။ ငါးရှဉ့်များသယ်ဆောင်ရာ၌ သေတ္တာများတွင် ရေလုံအောင် ပလတ်စတစ်များခံ၍ ကားကြီးများနှင့် သယ်ဆောင်ကြသည်။ သေတ္တာတစ်လုံးလျှင် အလေးချိန် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ▲

ယနေ့ သတင်း အညွှန်း

ခိုးကူးခွေများ ရောင်းချနေသူ ဖမ်းဆီးအရေးယူ — စာမျက်နှာ–၇

ဖောက်ထွင်းခိုးယူခံရသောငွေများ ပိုင်ရှင်ထံ ပြန်လည်ပေးအပ် — စာမျက်နှာ–၇

နိုင်ငံတကာရေးရာ သတင်းများ — စာမျက်နှာ–၉

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၉-၁-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

ကျွမ်းကျင်၊ ကူညီ၊ ဆေးစစ်သည်များပီပီ တပ်မတော်သားများနှင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ဇန်နဝါရီလ ၇ ရက်နေ့က ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တက်ရောက်၍ မိန့်ခွန်းပြောကြားရာတွင် **"ရဲဘော်တို့ဟာ ကျွမ်းကျင်၊ ကူညီ၊ ဆေးစစ်သည်ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ မိမိတတ်ကျွမ်းတဲ့ပညာရပ်နဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်မှာ ပါဝင်ထမ်းဆောင်တဲ့နည်းတူ ပြည်သူတို့ရဲ့ ကျန်းမာရေးကိုလည်း စောင့်ရှောက်ကြရမယ်။ ဒါကြောင့် ရောက်ရာဒေသမှာ တွေ့ကြုံရတဲ့ ပြည်သူကို ကိုယ့်မိဘအရင်းအချာပမာ ပြုစုကြရမယ်။ တပ်မတော်သည် ပြည်သူ့အတွက်ဆိုတဲ့ မူဝါဒအတိုင်း ပြည်သူကို အလုပ်အကျွေးပြုရမယ်"** ဟူ၍ မှာကြားသည်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်အနေဖြင့် သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့တို့နှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့တွင် ရောဂါရှာဖွေရေးနည်းပညာ၊ ဓာတ်မှန်ရိုက်ပညာ၊ ကာယကုသမှုပညာ စသည့် အထူးပြုပညာရပ်များကို သင်ကြားပေးလျက်ရှိသည်။ တစ်ချိန်တည်းတွင် တပ်စုမှူးအဆင့် စစ်ပညာနှင့် စစ်ဘက်ခေါင်းဆောင်မှု သဘောတရားတို့ကို သင်ကြားပေးထားပြီးဖြစ်သည်။

သင်တန်းဆင်း စစ်သည်များသည် အရည်အသွေးမြင့် သူနာပြုနှင့် ဆေးဘက်ပညာရပ်များကို ဆည်းပူးနိုင်ခဲ့ရုံမျှမက တိုက်ပွဲဝင် စစ်ပညာရပ်များကိုပါ လေ့ကျင့်သင်ကြားခဲ့ကြပြီးဖြစ်ရာ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် စစ်ဘက်တာဝန်နှင့် ဆေးဘက်ပညာသည် တာဝန်များကို ထမ်းဆောင်ကြတော့မည်ဖြစ်သည်။

သူနာပြုလုပ်ငန်းသည် ကျန်းမာရေးကဏ္ဍတွင် မရှိမဖြစ် အရေးပါသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပြီး မေတ္တာကရုဏာကြီးမားမှု၊ စေတနာထက်သန်မှု၊ အပင်ပန်းဆင်းရဲခံနိုင်မှု၊ အနစ်နာခံနိုင်မှုတို့ဖြင့် ပြည့်စုံသူတို့သာ ထမ်းဆောင်နိုင်သည့် တာဝန်မျိုးဖြစ်သည်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းဆင်းများသည် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် **ကျွမ်းကျင်၊ ကူညီ၊ ဆေးစစ်သည်** များပီပီ တပ်မတော်သားများနှင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရင်း တပ်မတော်၏ မွန်မြတ်သော အစဉ်အလာကောင်းများကို ဆက်လက်သယ်ပိုးထမ်းရွက်သွားနိုင်ကြမည် ဖြစ်ပါသည်။ ။

ကသစ်ဝိုင် ၁၀ ရက် ဝိပဿနာတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၈

ဝိသုဒ္ဓါရုံ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတိဿနှင့် တပည့်များက မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ ဝိသုဒ္ဓါရုံကျောင်းတိုက်၌ မူလကသစ်ဝိုင်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကိုယ်တွေ့ဉာဏ်မြင် ဝိပဿနာတရားများကို(၁၃၆၉ ခုပြာသိုလဆန်း ၅ ရက်မှ ၁၅ ရက်)၊ ဇန်နဝါရီ ၁၂ ရက် နေ့မှ ၂၂ ရက်အထိ ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

လန်းဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ (ရွှေသိင်္ဂီရတနာဓမ္မာရုံ၊ ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်)သို့ ဗဟန်းမြို့နယ် အနောက်ဈေးဟောင်းလမ်း ဂွတ္တာလစ်နေ ဦးညိုအေး-ဒေါ်လှလှ၊ သား၊ သမီး၊ မြေးတစ်စုက ကျပ် ၁၅၀၀၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။

(က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့ရှိ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၈

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အဝေးသင်တက္ကသိုလ်သို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြချက်အပေါ် ဝန်ကြီးက အသေးစိတ်ဆွေးနွေးမှာကြားသည်။

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း မရမ်းကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုနှင့် စာဖတ်စွမ်းရည်ကို ကြည့်ရှုစစ်ဆေးစဉ်။

(ပညာရေး)

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်ပညာရေးတက္ကသိုလ်သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား အမျိုးသားပညာရည်မြင့်မားရေးအတွက် နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်နိုင်ငံခြားဘာသာသင်တက္ကသိုလ်သို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဘာသာစကားသင်ကြားရာတွင် သင်ထောက်ကူပစ္စည်းများ အရေးပါပုံကို ဖြည့်စွက်ဆွေးနွေးမှာကြားပြီး ဘာသာရပ်အလိုက် ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းတွင် လှိုင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၊ လှိုင်မြို့နယ် အမှတ်(၆) အခြေခံပညာ အလယ်တန်းကျောင်း၊ မရမ်းကုန်းမြို့နယ် အမှတ်(၅) အခြေခံပညာ အလယ်တန်းကျောင်း၊ မရမ်းကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းများသို့ ရောက်ရှိပြီး သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ ရုံးခန်း၌ မြို့နယ်ပညာရေးမှူး၊ အခြေခံပညာ အထက်တန်းကျောင်းအုပ်ကြီးများအား တွေ့ဆုံမှာကြားပြီး သက်ဆိုင်ရာ ကျောင်းများရှိ ဒသမတန်း ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျမ်းစာအုပ်များ ရောင်းချလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၈

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ကမ္ဘာအေး စာပုံနှိပ်တိုက်က ရိုက်နှိပ်ထုတ်ဝေဖြန့်ချိလျက်ရှိသော ပါဠိတော်များ၊ တိပိဋကပါဠိ-မြန်မာ အဘိဓာန်များ၊ (၂၀၀၈-၂၀၁၁) ပြဋ္ဌာန်း ဇာတက အဋ္ဌကထာ(ကြီး၊ လတ်၊ ငယ်) စသည့် စာသင်သားသုံး ကျမ်းရင်းသုံးကျမ်း၊ ပါဠိတော်၊ အဋ္ဌကထာ၊ မဟာဗုဒ္ဓဝင်၊ ပဋ္ဌာန်းပါဠိတော်၊ ပိဋကသုံးပုံပါဠိတော်၊ ဝိနိစ္ဆယလက်စွဲ၊ သံဃနာယကလက်စွဲ၊ အဘိဓာန် အတွဲ(၁)မှ (၁၈)၊ လူသေ လူဖြစ် စသော ဝိနိစ္ဆယများ၊ မြတ်ဗုဒ္ဓ၏ တရားစုများ(ပ)တွဲ၊ ငြိကာကျော် မြန်မာပြန် (ပ)(ဒု)(တ) ဆယ်စောင်တွဲ၊ ဝတ်ရွတ်စဉ်၊ လစဉ်ထုတ် သာသနာ့ရောင်ခြည်နှင့် အခြားလေ့လာမှတ်သား ဖတ်ရှုဖွယ်ကျမ်းစာအုပ်ကောင်း အမျိုးမျိုးတို့ကို ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေး ဦးစီးဌာန ကျမ်းစာအုပ် အရောင်းဆိုင်၌ ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချပေးလျက်ရှိပြီး ဝယ်ယူလှူဒါန်းလိုသည့် ဓမ္မဒါန အလှူရှင်များသည် ဖုန်း-၆၆၀၈၄၃၊ ၆၆၁၃၀၂ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

အထွေထွေဘဏ်လုပ်ငန်းသင်တန်း (အရာရှိအဆင့်)အမှတ်စဉ်(၁၁) ဖွင့်ပွဲကျင်းပ

ဘဏ်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ အထွေထွေဘဏ်လုပ်ငန်းသင်တန်း (အရာရှိအဆင့်)အမှတ်စဉ်(၁၁)ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(ဘဏ္ဍာ/အခွန်)

ရန်ကုန် ဇန်နဝါရီ ၈

ဘဏ်များကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အထွေထွေဘဏ်လုပ်ငန်းသင်တန်း(အရာရှိအဆင့်) အမှတ်စဉ်(၁၁)ဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ ဓမ္မာရုစ်ရွှေစင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဘဏ်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေက အမှာစကားပြောကြားရာတွင် ဘဏ်အရာထမ်းများ လုပ်ငန်းဆောင်ရွက်မှုစွမ်းရည်နှင့် ဘဏ်လုပ်ငန်းဆိုင်ရာ အသိပညာဗဟုသုတ ကြွယ်ဝစေရန် ယခုကဲ့သို့ သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်းအပြင် နိုင်ငံတကာ၌ တိုးတက်ဖြစ်ပေါ်နေသည့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို သိရှိနားလည်၍ ခေတ်နှင့်အညီ လိုက်ပါဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် အကျယ်တဝင့်မှာကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းသို့ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ အရာထမ်း ၄၀ တက်ရောက်ကြပြီး ရက်သတ္တ ၁၀ ပတ် ကြာမြင့်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အသက်လည်းရှည် အညောင်းပြေ လာလေလမ်းလျှောက်စို့

ပန်းတောင်း သန်းကြွယ်

"အာရောဂျပရမလာဘာ" ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်သည်ဟူသော ဘုရားဟောစကားကို လူတိုင်းကြားဖူးကြသည်။ လက်ခံယုံကြည်ကြသည်။ လူတိုင်းသည် အနာရောဂါကင်း၍ အသက်ရှည်လိုကြသည်။

အသက်ရှည်ကျန်းမာရန်အတွက် ကျန်းမာရေးနှင့်ညီညွတ်သော အနေအထိုင်၊ အပြုအမူ၊ အလေ့အကျင့်များရှိရန် လိုအပ်သည်။ လူ့ခန္ဓာကိုယ်ကို အားအင်ဖြည့်စွမ်းပေးနိုင်သည့် အစာအာဟာရများ လိုအပ်သည်။ ထို့ပြင် မိမိနှင့်သင့်လျော်သော ကျန်းမာရေးလေ့ကျင့်ခန်းများ ပြုလုပ်ရန် လိုအပ်သည်။

လမ်းလျှောက်ခြင်းသည် ကျန်းမာစွာ အသက်ရှည်ရေးအတွက် သဘာဝအကျဆုံး၊ အရိုးရှင်းဆုံး၊ အကုန်အကျအနည်းဆုံးနှင့် လူတိုင်းလိုလို ဆောင်ရွက်နိုင်သော ကျန်းမာရေး လေ့ကျင့်ခန်းတစ်ရပ်ပင် ဖြစ်သည်။

ကိုယ်လက်လှုပ်ရှားခြင်းနှင့် ကျန်းမာခြင်းတို့သည် **"ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ"** ဆိုသကဲ့သို့ ဆက်စပ်နေသည်။ ကျန်းမာသူမှန်သမျှ လှုပ်ရှားသွားလာနိုင်သည်။ ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်နေ၍လည်း ကျန်းမာနေသည်။ ကိုယ်လက်လှုပ်ရှားခြင်း၊ လမ်းလျှောက်ခြင်းတို့သည် ဇရာကို တွန်းလှန်ရန်အတွက် လက်နက်ကောင်းများပင် ဖြစ်သည်။

နေ့စဉ်နှင့်အမျှ နံနက်စောစောထ၍ လမ်းလျှောက်နေကြသော သက်ကြီးရွယ်အိုများ၊ လူရွယ်လူလတ်များနှင့် အပြေးလျှောက်နေကြသော လူငယ်လူရွယ် အများအပြားကို တွေ့ကြရသည်။ နိုင်ငံအများအပြားတွင် လမ်းလျှောက်ခြင်းနှင့် ကာယလေ့ကျင့်ခန်းယူခြင်းတို့မှာ လွန်စွာခေတ်စားနေသည်။ သို့သော် အလုပ်မအား၍သော်လည်းကောင်း၊ ပျင်း၍သော်လည်းကောင်း အကြောင်းအမျိုးမျိုးကြောင့် နေ့စဉ်မှန်မှန် လမ်းမလျှောက်ဖြစ်သူ အတော်များများ ရှိနေဆဲပင် ဖြစ်သည်။

ယနေ့ကာလသည် သိပ္ပံပညာနှင့် စက်မှုပညာတို့ အလွန်ထွန်းကားတိုးတက်လာသည့်အလျောက် လူတို့သည် မိမိကိုယ်တိုင်၏ လုပ်အားထက် စက်အား၊ ယာဉ်အားများကို ပိုမိုအသုံးချလာကြသည်။ ပိုမို၍ သက်သောင့်သက်သာနေထိုင်သော နေ့စဉ်လူနေမှုဘဝ ပုံစံများ ပြောင်းလဲလာကြသည်။ ကိုယ်လက်လှုပ်ရှားမှု နည်းပါးလာသည်။ မော်တော်ယာဉ်များကို အသုံးများလာပြီး လမ်းလျှောက်သည့်အကျင့် နည်းပါးလာတော့သည်။ ထို့ကြောင့် ခန္ဓာကိုယ် ဣရိယာပုတ် မျှတစေရန် ကိုယ်လက်လှုပ်ရှား အားကစားမှုများကို နေ့စဉ်သီးသန့် ပြုလုပ်ရန် လိုအပ်လာပေသည်။

ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ရာတွင် မည်သည့်လှုပ်ရှားမှု အားကစားလေ့ကျင့်ခန်းကိုသာ လုပ်ရမည်ဟူ၍ အတိအကျ သတ်မှတ်ချက်မရှိပေ။ အသက်အရွယ်၊ ကျန်းမာခြင်းနှင့် တစ်ဦးချင်းစီ၏ ခန္ဓာကိုယ်အခြေအနေ လိုအပ်ချက်အလိုက် သင့်တင့်လျောက်ပတ်သော အားကစားလေ့ကျင့်ခန်းမျိုးကို နေ့စဉ်မှန်မှန် ပြုလုပ်ရန်သာ လိုအပ်သည်။ အထူးသဖြင့် ခန္ဓာကိုယ်၏ ဦးခေါင်း၊ ကိုယ်၊ ခြေ၊ လက်အားလုံး ပါဝင်လှုပ်ရှား၍ အသက်ပြင်းပြင်း ရှူစေနိုင်သော ကိုယ်လက်လှုပ်ရှားမှုမျိုး ဖြစ်ရန် လိုအပ်သည်။ လူကြီးလူငယ်မရွေး၊ လူတန်းစားမရွေး၊ ကျန်းမာကြံ့ခိုင်စေသော အကောင်းဆုံး ကိုယ်လက်လှုပ်ရှားမှုမှာ လူတို့၏ပင်ကိုဗီဇ သဘာဝအလျောက် နှစ်ပေါင်းများစွာက လုပ်ဆောင်လာခဲ့သည့် လမ်းလျှောက်ခြင်းပင် ဖြစ်သည်။

ပျမ်းမျှအားဖြင့် လူတစ်ယောက်၏ တစ်သက်တာတွင် လျှောက်လှမ်းခဲ့ရသည့် ခရီးအကွာအဝေး စုစုပေါင်းမှာ မိုင်ပေါင်း ၆၅၀၀ခန့် ရှိမည်ဟု ခန့်မှန်းကြသည်။ စင်စစ်အားဖြင့် လမ်းလျှောက်ခြင်းကို ကျန်းမာကြံ့ခိုင်မှုအတွက်သာမက မကျန်းမာသော ရောဂါဝေဒနာရှင်တို့အတွက်ပါ ရောဂါကုထုံးတစ်ရပ်အဖြစ်ပင် အသိအမှတ်ပြု အသုံးချခံနေကြရပြီ ဖြစ်သည်။

လမ်းလျှောက်စဉ်တွင် အသက်ဝဝရှူရန် လိုအပ်သည်။ စတင်လမ်းလျှောက်ခါစတွင် မိမိအသက်အရွယ်နှင့် ကျန်းမာရေးအရ မိမိလျှောက်နိုင်သလောက် နည်းနည်းလျှောက်ပြီး နောက်ရက်များ၌ တဖြည်းဖြည်း အကွာအဝေးကို တိုးမြှင့်၍ လျှောက်ပေးရသည်။ လမ်းလျှောက်ရမည့် အကွာအဝေးမှာ လူတစ်ဦးချင်းစီ၏ လိုအပ်မှုအလိုက်၊ အသက်အရွယ်အလိုက်ဖြစ်၍ မူသေသတ်မှတ်ရန် မဖြစ်နိုင်ပေ။ သင့်လျော်သော အကွာအဝေးကို နေ့စဉ်မှန်မှန် လမ်းလျှောက်ရန်သာ လိုအပ်သည်။

လမ်းလျှောက်ခြင်းသည် ကျန်းမာစွာ

အသက်ရှည်ရေးအတွက် သဘာဝအကျ

ဆုံး၊ အရိုးရှင်းဆုံး၊ အကုန်အကျအနည်း

ဆုံးနှင့် လူတိုင်းလိုလို ဆောင်ရွက်နိုင်

သော ကျန်းမာရေးလေ့ကျင့်ခန်းတစ်ရပ်

ပင်ဖြစ်။

ယနေ့ ကမ္ဘာပေါ်တွင် ခေတ်စားနေသော Jogging ခေါ် ရွရွကလေး အပြေးလျှောက်ခြင်းမှာ လမ်းလျှောက်ခြင်းကဲ့သို့ အကျိုးပြုသော်လည်း ရောဂါပြင်းထန်သူ(ဥပမာ နှလုံးရောဂါရှင်အချို့)တို့နှင့် မသင့်လျော်ပေ။

လမ်းလျှောက်နည်းကို အကြမ်းအားဖြင့် လေးမျိုးခွဲခြားနိုင်သည်-

၁။ အားလပ်ချိန်တွင် အပျင်းပြေလမ်းလျှောက်ခြင်း

ဤနည်းမှာ လမ်းလျှောက်ခြင်း၏ အနေးဆုံးပုံစံဖြစ်သည်။ များသောအားဖြင့် တကူးတကစီစဉ်ခြင်းမဟုတ်ဘဲ တစ်နာရီလျှင် တစ်မိုင်နှုန်းခန့်ဖြင့် အပျင်းပြေ၊ အညောင်းပြေ လမ်းလျှောက်ခြင်းဖြစ်သည်။ ဥပမာ-ညနေထမင်းစားအပြီးတွင် တစ်မိုင်ခန့်လမ်းလျှောက်ခြင်း၊ အားလပ်ရက် နံနက်ခင်းတွင် နှစ်မိုင်ခန့်လမ်းလျှောက်ခြင်း၊ လမ်းလျှောက်၍ ဟိုသည်ငေးမောကာ လေ့လာရေးလုပ်ခြင်းတို့ပင် ဖြစ်သည်။ အထိုက်အလျောက် လူကိုအကျိုးပြုသော လမ်းလျှောက်နည်းတစ်မျိုးပင်ဖြစ်သည်။

၂။ ပုံမှန်လမ်းလျှောက်ခြင်း

ဤနည်းမှာ ပိုမိုစနစ်ကျ၍ ထိရောက်မှုရှိသည်။ များသောအားဖြင့် တစ်နာရီလျှင် သုံးမိုင်ခန့်လျှောက်သင့်ပြီး ထိုသို့လျှောက်နိုင်အောင် တဖြည်းဖြည်း လေ့ကျင့်ယူရမည် ဖြစ်သည်။ နေ့စဉ် အချိန်မှန်မှန် လျှောက်နိုင်လျှင် ပိုကောင်းသည်။ နေ့စဉ်အနည်းဆုံး နာရီဝက်ခန့် လေကောင်းလေသန့် ကောင်းစွာရရှိနိုင်သော နေရာဒေသတွင် ပုံမှန်လျှောက်သင့်သည်။

တကူးတက လေ့ကျင့်ခန်းယူရန် အချိန်မရလျှင် အလုပ်ခွင်သို့ လမ်းလျှောက်သွားခြင်း၊ ခရီးတိုများအတွက် ကားမစီးဘဲ လမ်းလျှောက်သွားခြင်း၊ ဓာတ်လှေကားမစီးဘဲ ရိုးရိုးလှေကားကို အသုံးပြု၍ အတက်အဆင်းပြုလုပ်ခြင်း၊ အလုပ်အားချိန်ကလေးတွင် ခေတ္တခဏလမ်းလျှောက်ပေးခြင်း စသည်တို့ဖြင့် အစားထိုး၍ မိမိ၏တစ်နေ့တာ လမ်းလျှောက်ရမည့် ခရီးအကွာအဝေးပမာဏကို ပြည့်စေနိုင်ပေသည်။

၃။ စနစ်တကျလမ်းလျှောက်ခြင်း

ဤနည်းမှာ မိမိအသက်အရွယ်အလိုက် ရောက်ရှိသင့်သည့် ခံနိုင်ရည်ရှိမည့် နှလုံးခုန်နှုန်းပမာဏသို့ ရောက်အောင် အမြန်နှုန်းကို ချိန်ဆ၍ စနစ်တကျ လမ်းလျှောက်ခြင်းဖြစ်သည်။ အနည်းဆုံးတစ်နေ့လျှင် ၁၅ မိနစ်မျှ တစ်နာရီသုံးမိုင်နှုန်းဖြင့် မိမိ၏ခံနိုင်ရည်ရှိမှု၊ ကျန်းမာမှုအပေါ် မူတည်၍ အချိန်၊ အမြန်နှုန်းနှင့် ခရီးအကွာအဝေးတို့ကို တဖြည်းဖြည်း တိုးမြှင့်ရပေမည်။ ကျဲကျဲလှမ်း၍ သွက်သွက်လျှောက်နိုင်လျှင် ပိုကောင်းသည်။

သို့သော် အသက် ၅၀ကျော်သူ၊ ရောဂါတစ်ခုခုရှိသူ၊ တစ်ချိန်ချိန်က နှလုံးရောဂါရှိခဲ့ဖူးသူတို့မှာ ယင်းသို့သော လေ့ကျင့်ခန်း မစတင်မီ နီးစပ်ရာဆရာဝန်နှင့် ပြသတိုင်ပင်ပြီးမှ လုပ်ဆောင်သင့်သည်။ ဤနည်းတွင် စံချိန်ကိုက် လျှောက်ရမည့် နှလုံးခုန်နှုန်းမှာ အသက်အရွယ် အလိုက် အမြင့်ဆုံး ခံနိုင်ရည်ရှိသည့် နှလုံးခုန်နှုန်းပမာဏ၏ ၇၀ မှ ၈၅ရာခိုင်နှုန်း အတွင်းဖြစ်ရမည်။ ထို့ထက်ကျော်လွန်ပါက နှလုံးကို ပြဿနာဖြစ်တတ်သောကြောင့်ဖြစ်သည်။ တစ်နာရီလျှင် လေးမိုင်၊ ငါးမိုင်နှုန်းဖြင့် လျှောက်နိုင်ပြီဆိုလျှင် အများအားဖြင့် လုံလောက်သောနည်း ဖြစ်သည်။

၄။ ခရီးဝေးလမ်းလျှောက်ခြင်း

ဤနည်းမှာ နေ့စဉ်လျှောက်စရာမလိုဘဲ မိမိခံနိုင်ရည် မည်မျှရှိသည်။ မည်မျှကျန်းမာသည်ကို စမ်းသပ်သည့်သဘောဖြင့် တစ်ခါတစ်ရံ လျှောက်ပေးသင့်သောနည်း ဖြစ်သည်။ တစ်ကြိမ်ထက်တစ်ကြိမ် တိုးတက်မှုရှိလျှင် ပိုကောင်းသည်။

လမ်းလျှောက်နည်း လေးမျိုးအနက် အရွယ်သုံးပါးမရွေး ကျန်းမာရေးအတွက် ပုံမှန်လမ်းလျှောက်ခြင်းမှာ လွယ်ကူပြီး အသင့်လျော်ဆုံးဖြစ်သည်။ စနစ်တကျ လမ်းလျှောက်လေ့ကျင့်ခန်းယူသည့် နည်းအတိုင်းလျှောက်နိုင်လျှင် ပို၍ အကျိုးရှိနိုင်သည်။

လမ်းလျှောက်ရာတွင် သတိချပ်သင့်သော လိုအပ်ချက်များရှိသည်။

ယာဉ်ကြောကို ကျောပေးမထားဘဲ မျက်နှာချင်းဆိုင်ထား၍ လျှောက်ရမည်။ အမြင်အာရုံ၊ အကြားအာရုံတစ်ခုခု အားနည်းချို့တဲ့နေသူများ အဖော်မပါဘဲ လမ်းမလျှောက်သင့်ပေ။ လုံခြုံစိတ်ချရသော အချိန်နှင့် နေရာများတွင်သာ လမ်းလျှောက်သင့်သည်။ လုံခြုံစိတ်ချရ၍ လေကောင်းလေသန့် ရရှိသောနေရာမှာ အကောင်းဆုံးဖြစ်သည်။

လမ်းလျှောက်စဉ် သက်သာချောင်ချိသော အဝတ်အထည်များကိုသာ ဝတ်ဆင်ရမည်။ လက်ပတ်နာရီ၊ လက်စွပ်၊ ခါးပတ်များ ဖြစ်နိုင်လျှင် ချွတ်ထားခဲ့ရမည်။ မလိုအပ်လျှင် မျက်မှန်ကိုပါ ချွတ်ထားခဲ့သင့်သည်။ တန်ဖိုးကြီးပစ္စည်းများ ဝတ်ဆင်ပြီး အချိန်မှန်မှန် လမ်းလျှောက်နေသူ တစ်ဦးသည် လူဆိုးလူမိုက်များ၏ ပုံသေပစ်မှတ် သားကောင်ဘဝသို့ တစ်ချိန်ချိန်မှာ ကျရောက်တတ်သည်။ လိုအပ်လျှင် အသုံးချနိုင်ရန် ကျစ်လျစ် မာကျောသော လမ်းလျှောက်တုတ်တစ်ချောင်းကို ဆောင်ထားသင့်သည်။

အရေးကြီးဆုံးမှာ ဖိနပ်ဖြစ်သည်။ မချောင်လွန်း၊ မကျပ်လွန်းသော အနေတော်ဖိနပ်မျိုး ဖြစ်သင့်သည်။ ဖိနပ်နှင့် ခြေထောက်အပေါ် အာရုံစိုက်နေရလျှင် လမ်းလျှောက်ရခြင်း၏ အရသာ ပျက်သွားနိုင်သည်။ ရာသီဥတုနှင့် ကိုက်ညီသော ဝတ်စားဆင်ယင်မှုမျိုးကို ပြုလုပ်ရမည်။ အထက်ပါအချက်များကို သတိပြု လိုက်နာနိုင်လျှင် ဘေးကင်းလုံခြုံ၍ ပျော်ရွှင်ကြည်နူးဖွယ်ကောင်းသော လမ်းလျှောက်ခြင်းရသကို အပြည့်အဝ ခံစားနိုင်ပေမည်။

ကမ္ဘာ့အိုလံပစ်ပွဲတော် စတင်ပေါက်ဖွားရာ ဂရိနိုင်ငံ ကမ်းခြေကျောက်သား ကမ်းပါးတစ်ခုတွင်-

- **သင် ကျန်းမာလိုပါသလား၊**
  သင် လမ်းလျှောက်ပါ။
- **သင် ဉာဏ်ကောင်းချင်ပါသလား၊**
  သင် လမ်းလျှောက်ပါ။
- **သင် လှချင်ပါသလား၊**
  သင် လမ်းလျှောက်ပါ။

ဟူသော စာတန်းကို ထုဆစ်ရေးထိုးထား၏။ ကျန်းမာရေးကို အထောက်အကူပေးသည့် လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးကို ဖော်ပြနိုးဆော်ထားခြင်းဖြစ်သည်။ တိုတိုနှင့် ထိမိပါသည်။

လမ်းလျှောက်သည့် အလေ့အကျင့်ရှိသူများ၊ အားကစားသမားများသည် အခြားသောသူများထက် ပိုမို၍ အမောခံနိုင်ကြသည်။ သက်လုံကောင်းကြသည်။ ကိုယ်လက်လှုပ်ရှားမှု အလေ့အကျင့်ရှိပြီးသူတို့တွင် အဆုတ်သည် မူလကပင် ခန္ဓာကိုယ်၏ လိုအပ်ချက်ကို ပြည့်ပြည့်ဝဝ ဆောင်ရွက်ပေးနေကျ ဖြစ်သောကြောင့် အလေ့အကျင့်မရှိသူများထက် အမောခံနိုင်ကြခြင်း ဖြစ်သည်။

လမ်းလျှောက်ခြင်းသည် အဆုတ်တွင်းသို့ လေကို ပြည့်ပြည့်ဝဝ ရှူသွင်းစေနိုင်သည်။ အဆုတ်ကို အားပေးရာရောက်သော အလေ့အကျင့်ပင်ဖြစ်သည်။ ကိုယ်ခံစွမ်းအားကိုလည်း မြင့်တက်စေနိုင်သည်။ လူအများစုသည် လေကို အဆုတ်ပြည့်အောင် ပြည့်ပြည့်ဝဝ အသက်ရှူလေ့ မရှိကြပေ။ ထို့ကြောင့်ပင် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများတွင် အသက်ကို ပြင်းပြင်းရှူရှိုက်ရသော လေ့ကျင့်ခန်းများ ပါဝင်ရခြင်း ဖြစ်သည်။

လမ်းလျှောက်ခြင်းဖြင့် ခန္ဓာကိုယ်အနှံ့ သွေးသွားလာလည်ပတ်မှုကို ပိုမိုကောင်းမွန်စေသည်။ သွေးတိုးကို ကျစေသည်။ သွေးလည်ပတ်မှု အရှိန်မြင့်တက် ကောင်းမွန်လာသည်နှင့်အမျှ အဆုတ်အတွင်း၌ အောက်ဆီဂျင်ဓာတ်နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်များ လဲလှယ်မှုသွက်လက် မြန်ဆန်လာပြီး ခန္ဓာကိုယ်၏လုပ်ငန်းအဝဝကို ပိုမိုကောင်းမွန်လာစေသည်။ ဦးနှောက်တွင် အောက်ဆီဂျင်ဓာတ် လုံလောက်စွာရရှိသဖြင့် စိတ်ကို ကြည်လင်ရွှင်လန်းတက်ကြွစေသည်။ ဉာဏ်ရည်များ ထက်မြက်လာစေသည်။

နှလုံးကြွက်သားများသည်လည်း သွေးလည်ပတ်မှု ပိုမိုမြန်ဆန်လာသည်နှင့်အမျှ ပိုမို၍ လှုပ်ရှားရကာ ပိုမိုသန်စွမ်းလာကြသည်။ ပိုမို၍လည်း အလုပ်လုပ်နိုင်လာကြသည်။ နှလုံးသန်မာ လူကျန်းမာဟူသော ဆောင်ပုဒ်အတိုင်း နှလုံးရောဂါကို ကာကွယ်နိုင်သည်။

လမ်းလျှောက်ခြင်းဖြင့် ခန္ဓာကိုယ်ဣရိယာပုတ်မျှတပြီး ကြွက်သားအမျိုးမျိုးကို ပိုမိုသန်စွမ်းလာစေသောကြောင့် အလုပ်ပိုမိုလုပ်နိုင်သည်။ ခြေသလုံးကြွက်သားများကလည်း ဒုတိယနှလုံးသဖွယ် ညှစ်အားပိုမိုပေးနိုင်သဖြင့် သွေးအသွားအလာကောင်းမွန်ပြီး ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးသို့ သွေးသစ်များ အလုံအလောက် ရောက်စေသည်။ အစာအိမ်ရှိ ကြွက်သားများ ပိုမိုလှုပ်ရှားလာစေပြီး အစာခြေရည်ပိုမိုထွက်ရှိစေသောကြောင့် အစာကို လွယ်ကူစွာ ကြေညက်စေသည်။ အူသိမ်အူမကြီးတစ်လျှောက်ရှိ ကြွက်သားများ တက်ကြွစွာ အလုပ်လုပ်နိုင်သဖြင့် ဝမ်းချုပ်ခြင်း မရှိနိုင်တော့ပေ။

ခန္ဓာကိုယ်ရှိ ပိုလျှံနေသောအဆီများကိုလည်း လမ်းလျှောက်ခြင်းဖြင့် စွမ်းအင်အဖြစ်သို့ ပြောင်းလဲဖယ်ရှားပေးနိုင်သည်။ ထိုပိုလျှံအဆီများသည် ခန္ဓာကိုယ်အလေးချိန်တိုးစေပြီး နှလုံးကို အလုပ်ပိုစေသည်။ ဝလွန်းခြင်းသည် ရောဂါတစ်ရပ်ပင်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု ဟားဘတ်ပြည်သူ့ကျန်းမာရေးသင်တန်းကျောင်းမှ ဒေါက်တာဂျင်းမေယာ၏ တွက်ချက်ဖော်ပြမှုအရ တစ်နေ့လျှင် တစ်မိုင်လမ်းလျှောက်သူသည် ၃၆ ရက်အကြာတွင် ခန္ဓာကိုယ်ထဲရှိ အဆီတစ်ပေါင်ကို ချေဖျက်ပစ်နိုင်ကြောင်း သိရသည်။ လမ်းလျှောက်ခြင်းဖြင့် အဝမလွန်အောင် ထိန်းပေးနိုင်ပြီး သွေးအတွင်းမှ အဆီကိုပါကျစေသည်။

လမ်းလျှောက်ခြင်းဖြင့် အကြောအခြင်နှင့် အရွတ်များကို ပျော့ပျောင်းစေပြီး လူကို ဖျတ်လတ်ပေါ့ပါးစေသည်။ အရိုးများကို ကြံ့ခိုင်သန်စွမ်းစေသည်။ ဦးနှောက်နှင့်အာရုံကြောများ၏ လုပ်ငန်းများကို ပိုမိုကောင်းမွန်လာစေသည်။ အိပ်ပျော်စားဝင်ခြင်း၊ ခန္ဓာကိုယ် ပေါ့ပါးသွက်လက်ခြင်း၊ စိတ်ကြည်လင်လန်းဆန်းခြင်း၊ စိတ်ဖိစီးမှု လျော့နည်းစေခြင်းနှင့် အသားအရေ စိုပြည်ခြင်းတို့ကိုပါ ရရှိခံစားစေနိုင်သည်။

လှုပ်လှုပ်ရှားရှား ပြေးလွှားဆော့ကစားနေသော ကလေးငယ်များသည် မလှုပ်မရှား ငြိမ်သက်နေသော ကလေးများထက် ပိုမိုကြီးထွား ဖွံ့ဖြိုးနိုင်ကြောင်း တွေ့ရှိရသည်။ အနှစ်ချုပ်၍ဆိုရသော် လမ်းလျှောက်ခြင်းသည် သွေးတိုးကို ကျစေသည်။ နှလုံးရောဂါကို ကာကွယ်နိုင်သည်။ စိတ်ပျော်ရွှင် ကျန်းမာစေသည်။ အရိုးများကို ကြံ့ခိုင်စေသည်။ အဝမလွန်အောင် ထိန်းသိမ်းနိုင်သည်။ ကြွက်သားများကို သန်စွမ်းဖျတ်လတ်စေသည်။ သွေးအတွင်းမှအဆီကို ကျစေသည်။ သကြားဓာတ်ကို ကျစေသည်။ အသက်အရွယ်မရွေး၊ ကျားမမရွေး၊ လူတန်းစားမရွေး ဆောင်ရွက်နိုင်သော အခြေခံအားကစားနည်းတစ်ရပ်ပင် ဖြစ်သည်။

ထို့ကြောင့် ရောဂါဘယကင်း၍ ကျန်းမာစွာ အသက်ရှည်လိုကြသော လူသားတိုင်းသည် နေ့စဉ် နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ကြရန် လိုအပ်လှပေသည်။ ။

မြန်မာနှင့် နိုင်ငံခြားမုန့် သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် မြန်မာနှင့် နိုင်ငံခြားမုန့် သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ၇ရက်တွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း ဦးစီးဌာန ရင်သွေးရတနာမူလတန်းကြိုကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာန ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ စည်းရုံးရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ နေပြည်တော်ပျဉ်းမနားခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ သင်တန်းဆရာများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစု ပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က သင်တန်းဖွင့် အမှာ စကားပြောကြား၍ လူမှုဝန်ထမ်းဦးစီး ဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းနွယ်က သင်တန်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေ အနေများကို ရှင်းလင်းတင်ပြသည်။ အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဌာန ကြီးမှူးများနှင့် အဖွဲ့ဝင်များသည် သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ အားပေးစကား ပြောကြား ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၂၀တို့ တက်ရောက်ကြပြီး သင်တန်း ကာလမှာ ရက်သတ္တလေးပတ် ကြာမြင့် မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစု ပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်တင်တင်နွဲ့ "မြန်မာ နှင့်နိုင်ငံခြားမုန့် သင်တန်း" ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။
(လူမှုဝန်ထမ်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၁-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM	
၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"ပတ္တမြားလေးလုံးနဲ့အပြုံးလူ သား"တရားတော် (သီတဂူကြယ်တစ်ပွင့်ဆရာတော် အရှင်ပညာနန္ဒ)
၇း၅၀-၁း၅၀	Industrial Talk [ဦးမောင်မောင်သောင်း၊ဦးတင်အောင်ရွှေ(သုတေသီ)]
၈း၂၀-၂း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၅၀-၂း၅၀	မွေးနေ့အလှူကုသိုလ်ယူ ရန်မာန်ငြိမ်းချမ်းမဟာပဋ္ဌာန်း
၉း၀၅-၃း၀၅	တေးဂီတအစီအစဉ်
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	Midweek Sports News
၉း၃၅-၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀-၃း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅-၃း၄၅	မြတ်နိဗ္ဗာန်သို့သွားရာအေးချမ်းသာယာစန္ဒကူးမြိုင်ရိပ်သာ
၁၀း၂၀-၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅-၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀-၄း၃၀	မြန်မာ့စပီရှုလိုင်းနား
၁၀း၅၀-၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀-၅း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅-၅း၀၅	စားချင်စဖွယ်နည်းအသွယ်သွယ် [ဂျပန် Hot Pot (Yose Nabe)ပြုလုပ်နည်း]
၁၁း၃၅-၅း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀-၅း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅-၅း၄၅	**"ငွေကြေးကိစ္စမှန်သမျှ ဘဏ်ကိုသာအားကိုးကြ" (ခန့်စည်သူ၊ဖြိုးငွေစိုး၊မင်းရာဇာ၊ပုလဲဝင်း၊သဇင်၊ဖူးစုံ၊အရိုင်း) [ဒါရိုက်တာ-မြင့်စိုး(ဝ/သ)]**
၁၂း၁၀-၆း၁၀	တေးဂီတအစီအစဉ်
၁၂း၁၅-၆း၁၅	အုန်းခွံပေါ်မှအနုပညာ
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကွယ်လွန်သူ ဖခင်ကြီး ဦးမောင်လှအားရည်စူး၍ သရက်တော (၄)လမ်း သရက်တောရပ်ကွက် ကြည့်မြင်တိုင်မြို့နယ်နေ အလှူဒါယိကာမ ဒေါ်သောင်းမိသားစု က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင် အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။
(က-ပ)

ဥတုရာသီ တောကိုမှီ၏



ချစ်နိုင်စိတ်ပညာ၏ ဘဝထဲက သင်ခန်းစာ စာအုပ်ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၈

ဘဝထဲကသင်ခန်းစာ စာအုပ်(ဝဲပုံ) သည်စာရေးသူမြင်သမျှသိသမျှ၊ဖတ်မှတ် လေ့လာထားသည်တို့ကို စာဖတ်သူ များ မိမိခံစားရသကဲ့သို့ ခံစားနိုင်ပါ စေ၊ မိမိနားလည်သကဲ့သို့ နားလည် သိမြင်နိုင်ပါစေဟူသော စေတနာဖြင့် ဤစာစုကို ရေးသားထားကြောင်း၊ ဤစာစုကို ဖတ်ရှုလေ့လာခြင်းဖြင့် လောကကောင်းကျိုးနှင့် လူသားတို့ဘဝ တိုးတက်ချမ်းသာရေးအတွက်အထောက် အပံ့ဖြစ်လိမ့်မည်ဟု ယုံကြည်ပါကြောင်း စာရေးသူက အမှာစာတွင် ဖော်ပြ ထားပြီး ဆောင်းပါး ၂၆ပုဒ်ကို စုစည်း တင်ပြထားသည်။

နိုင်စာပေ၊ အမှတ် ၂၂၊ ပန်းဆိုးတန်း လမ်း၊ ရန်ကုန်မြို့၊ ဖုန်း- ၂၅၄၂၇၀နှင့် ဖုန်း-၀၉၅၀၃၄၅၀၇က ဖြန့်ချိ၍ တန်ဖိုး ငွေကျပ် ၁၀၀၀ဖြစ်ကြောင်း သိရှိရ သည်။ (သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ် အမက(၂၁) ကျောင်း ပညာရေး စုံညီပွဲတော် ၂၀၀၆-၂၀၀၇ခုနှစ် ပညာသင်နှစ် ဘက်စုံ ပညာရည်ချွန် ဆုပေးပွဲကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ညိုက သူငယ်တန်း(B)မှ ဘက်စုံ ပထမ ထူးချွန်ဆုရ မောင်ကျော်လင်းအောင် အား ဆုချီးမြှင့်စဉ်။ (က-ပ)

ကမ္ဘောဇသာမဏေကျော်စာမေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

နဝမအကြိမ် ကမ္ဘောဇရဋ္ဌသာသနာလင်္ကာရ ကမ္ဘောဇသာမဏေကျော်စာမေးပွဲ ကို တောင်ကြီးမြို့ အတုလမာရဇိန် ဆုတောင်းပြည့်မြတ်စွာဘုရား မြို့လယ် ဓမ္မာရုံကြီး၌ မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၆၉ခုနှစ်၊ ပြာသို လပြည့်ကျော် ၁ရက်မှ တပို့တွဲလဆန်း ၃ရက်အထိ (ဖေဖော်ဝါရီ ၂ရက်မှ ၉ရက်အထိ) ကျင်းပမည်ဖြစ်သည်။

ပြာသိုလပြည့်ကျော် ၁၁ရက် စာမေးပွဲဖွင့်ပွဲအခမ်းအနားအပြီးတွင် ပထမ ဆင့် ဖြေဆိုမည့်သာမဏေများ နှုတ်မေးခွန်းဖြေဆို၍ ၁၂၊ ၁၃၊ ၁၄ရက်များတွင် ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့် သုံးဆင့်လုံး သဘောရေးဖြေ ဖြေဆို ကြရမည်ဖြစ်ပြီး စာအောင်ဆုနှင့် ဘွဲ့လက်မှတ်ဆက်ကပ်ပွဲကို တပို့တွဲလဆန်း ၃ရက် (၉-၂-၂၀၀၈)နေ့တွင် ကျင်းပသွားမည်ဖြစ်သည်။

စာမေးပွဲဝင်ခွင့်လျှောက်လွှာများ နောက်ဆုံးသတ်မှတ်ထားသည့် ရက်အတွင်း ပေးပို့ထားကြပြီးဖြစ်သည့် သာမဏေများအား ၁၃၆၉ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ရက်(၁-၂-၂၀၀၈)နေ့တွင် စာမေးပွဲကျင်းပရာဌာနဖြစ်သည့် တောင်ကြီးမြို့၊ လမ်းမတော်ရပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြို့လယ်ဓမ္မာရုံကြီး၌ စာမေးပွဲဝင်ခွင့် ကတ်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်းနှင့် သိရှိလိုသည်များကို ဖုန်း- ၀၈၁- ၂၁၆၇၃ သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

ဆေးတက္ကသိုလ်(၂) မြတ်ဆရာကန်တော့ပွဲ

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန် ဆေးတက္ကသိုလ်(၂) စတင်ဖွင့်လှစ်သည့် ၁၉၆၃ခုနှစ်မှ ၁၉၆၈ခုနှစ် အတွင်း ကျောင်းဝင်ခဲ့သည့် အတန်းရှစ်တန်း၏ ဒုတိယအကြိမ်မြောက် စုပေါင်း မြတ်ဆရာကန်တော့ပွဲကို ဇန်နဝါရီ ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် M-3 Food Centre ၌ ကျင်းပမည်ဖြစ်သည်။

အနယ်နယ်အရပ်ရပ်ရှိ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက် မကွက် တက်ရောက်ကြရန်နှင့် ဒေါက်တာဦးဝင်းမြင့် ဖုန်း-၆၄၁၃၁၇၊ ဒေါက်တာ ဦးစိုးမင်းသန်း(ခ)စိုးအောင် ဖုန်း-၂၉၃၉၆၃၊ ဒေါက်တာဦးစိုးသန်း ဖုန်း- ၂၂၆၈၅၅၊ ၂၁၅၊ ဒေါက်တာဦးကျော်မိုး ဖုန်း-၃၈၂၁၇၇၊ ဒေါက်တာလူစီကျော်မြ ဖုန်း-၆၆၄၉၄၂၊ ဒေါက်တာခင်မောင်သန်း ဖုန်း-၆၅၀၅၃၄၊ ဒေါက်တာသန့်လွင် မောင် ဖုန်း-၅၂၇၆၅၆၊ ဒေါက်တာအောင်ကြည်ဝင်း ဖုန်း-၀၁-၅၃၈၈၉၂ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ပဋ္ဌာန်းသင်တန်းပို့ချမည်

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပါဠိ တက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဝိဇယသိင်္ဂီကျောင်း၌ စာချဆရာတော် အရှင်တေဇနိယ (ပဋ္ဌာန်းအလင်းရောင် ကျမ်း)က ၁၃၆၉ခုနှစ် ပြာသို လဆန်း ၃ရက်၊ ၁၀-၁-၂၀၀၈ (ကြာသပတေး နေ့) နံနက် ၈နာရီခွဲမှစ၍ ဝိဇယ သိင်္ဂီကျောင်းတိုက်၌ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ နေ့တိုင်း တွင် ပဋ္ဌာန်း ပဉ္စာဝါရဝိဘင်္ဂမှ စတင် သင်ကြားပို့ချမည်ဖြစ်ပါ၍ မည်သူမဆို တက်ရောက်သင် ယူနိုင်ကြောင်း သိရ သည်။ (က-ပ)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၉)အခြေခံပညာမူလတန်းကျောင်း ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၃ရက်က ကျောင်း ခန်းမ၌ ကျင်းပရာ သူငယ်တန်း(ခ)မှ ဒုတိယဆုရ မောင်ဘုန်းမြတ်ကောင်း အား ဆရာမဒေါ်ဝင်း ဆုချီးမြှင့်စဉ်။ (က-ပ)

ဇန်နဝါရီ ၃ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းတွင် ပညာရေးစုံညီပွဲတော်ကျင်းပရာ ဒုတိယတန်း ဘက်စုံထူးချွန်ဆုရ မဖြိုးနန္ဒာဇော်အား ကျောင်းအုပ်ဆရာကြီး ဦးအေးကျော် ဂုဏ်ပြုဆုတံဆိပ် ချီးမြှင့်စဉ်။ (၃၂)

တရုတ်နိုင်ငံ ဟေလုံကျန်းပြည်နယ် ဟာဘင်မြို့ရှိ ရေခဲနှင့် နှင်းကမ္ဘာပြခန်းနေရာတွင် ထုလုပ်ထားသော ၂၀၀၈ ခုနှစ် ပေကျင်း အိုလံပစ် အမှတ်အသားပါ ရေခဲပန်းပုတစ်ခုကို ဇန်နဝါရီ၇ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်အနောက်ပိုင်းတွင် နှင်းမုန်တိုင်းများ တိုက်ခတ်

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၇

အမေရိကန်နိုင်ငံအနောက်ပိုင်းတွင် စနေနေ့က နှင်းမုန်တိုင်းများ တိုက်ခတ်ကာ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ဆီးနှင်းမြုအုံ့ဆိုင်း ဖုံးလွှမ်းခဲ့သဖြင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ပေါ်ပေါက်ခဲ့ကြောင်း၊ နီဗားဒါးပြည်နယ်တွင် ရေကာတာ ကျိုးပေါက်ပြီး ကာလီဖိုးနီးယားပြည်နယ်တွင် နှစ်ဦးသေဆုံးခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

လော့စ်အိန်ဂျလိစ်မြို့တွင် အမျိုးသမီးတစ်ဦး ရေစီးတွင် မျောပါသွားခဲ့ကြောင်း၊ ဆကာရာမင်တိုမြို့ မြောက်ပိုင်းရှိ ယူဘာမြို့တွင် သစ်ပင်ပိသဖြင့် အလုပ်သမားတစ်ဦး သေဆုံးခဲ့ကြောင်း ကယ်လီဖိုးနီးယားပြည်နယ်အုပ်ချုပ်ရေးရုံးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

နီဗားဒါးပြည်နယ်တွင် ရေလွှမ်းမှုဖြစ်ပွားခဲ့သဖြင့် အိမ်ခြေ ၈၀၀ ခန့် ရေနစ်မြုပ်ခဲ့ရပြီး ရေကာတာ ကျိုးပေါက်ခဲ့ကြောင်း၊ လူ ၃၅၀၀ တို့ကို ရဟတ်ယာဉ်နှင့် လှေများဖြင့် ရွှေ့ပြောင်းပေးခဲ့ရကြောင်း နီဗားဒါး ပြည်သူ့လုံခြုံရေးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အရေးပေါ်

အူမက်တီလာခရိုင်တွင် လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုရှိခဲ့ပြီး အရေးပေါ်အခြေအနေ ထုတ်ပြန်ထားရသည်ဟု အော်ရီဂွန်ပြည်နယ် အုပ်ချုပ်ရေးမှူး တက်ကူလွန်ဂိုစကီးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

သေနတ်တုဖြင့် ခြိမ်းခြောက်လုယူသူ ထောင်ဒဏ် ၁၂ နှစ်ချမှတ်

ရှန်ဟိုင်း ဇန်နဝါရီ ၇

တရုတ်နိုင်ငံတွင် အမျိုးသမီး တစ်ဦးထံမှ ယွမ် ၃၇၇၅၀ ကို သေနတ်တုဖြင့် ခြိမ်းခြောက်လုယူသူ ဝေကျင်ဟူဆိုသူကို ရှန်ဟိုင်းတရားရုံးက ထောင်ဒဏ် ၁၂ နှစ် ချမှတ်ပြီး ယွမ် ၁၅၀၀၀ ဒဏ်ငွေ ချမှတ်ခဲ့သည်ဟု ဆင်ဟွာသတင်း၌ ဖော်ပြသည်။

၂၀၀၇ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက်က ဂျီယာဒင်ဒေသဘဏ်တွင် ငွေထုတ်ပြီး ပြန်ထွက်လာသည့် အမျိုးသမီးနောက်မှ ခါးကိုသေနတ်တုဖြင့်ထောက်၍ ငွေများကို လုယူကာ ဆိုင်ကယ်ဖြင့် ထွက်ပြေးသွားခဲ့သည်။

အခင်းဖြစ်ပွားပြီး နှစ်ရက်အကြာတွင် ၎င်းကို ဖမ်းမိခဲ့သည့်အပြင် လမ်းပေါ်၌ ကျန်သောငွေ ယွမ် ၇၇၅၀ နှင့် ပိုက်ဆံအိတ်ကို ရဲတပ်ဖွဲ့က တွေ့ရှိခဲ့သည်။ ၎င်းယူသွားသည့် ငွေများအနက် အချို့ကို အကြွေးဆပ်ပြီး အချို့ကို ဆဲလ်ဖုန်းဝယ်ယူခဲ့သည်ဟု ၎င်းက ထွက်ဆိုခဲ့သည်။

၎င်း၏လက်ဝယ်တွင် ကျန်ရှိသည့် ယွမ် ၁၇၀၀၀ နှင့် ပြန်လည်တွေ့ရှိခဲ့သည့်ငွေတို့ကို ပိုင်ရှင်ထံသို့ ရဲတပ်ဖွဲ့က အပ်နှံခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

သန္တာကျောက်တန်းတုများကို ယူအေအီးကုမ္ပဏီ လေ့လာ

ဒူဘိုင်း ဇန်နဝါရီ ၇

အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)ရှိ သဘာဝဓာတ်ငွေ့ရှာဖွေရေးကုမ္ပဏီဖြစ်သော ဒေါ်လ်ဖင်စွမ်းအင်ကုမ္ပဏီလီမိတက်သည် ပါရှန်ပင်လယ်ကွေ့ရှိ ကာတာနိုင်ငံကမ်းရိုးတန်းကမ်းလွန်တွင် သန္တာကျောက်တန်းတုများကို လေ့လာလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၇ ရက်တွင် ပြောကြားသည်။ သဘာဝသန္တာကျောက်တန်းများကို တုပကာကွန်ကရစ်ဖြင့်တည်ဆောက်ထားသော သန္တာကျောက်တန်းများကို အသုံးပြု၍ ဂေဟစနစ်တိုးတက်လာစေရန် မည်သို့မည်ပုံလုပ်ဆောင်နိုင်မည်ကို လေ့လာသွားမည်ဖြစ်သည်။

သန္တာကျောက်တန်းတုများသည် ရေစီးကြောင်းကို နှေးကွေးသွားစေနိုင်ပြီး ငါးငယ်လေးများအတွက် ခိုလှုံစရာနေရာဖြစ်လာသည်။ သန္တာကျောက်တန်းတုများကို လေ့လာသည့်ကုမ္ပဏီက ကာတာနိုင်ငံနှင့် ယူအေအီးနိုင်ငံတို့တွင် သန္တာကျောက်တန်းများ တည်ရှိမှုဆိုင်ရာ မြေပုံထုတ်ယူရေးလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။ သန္တာကျောက်တန်းများသည် အဏ္ဏဝါသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၌ အရေးပါသည်။

အင်တာနက်။

ဩစတြေးလျနိုင်ငံ နယူးဆောက်သ်ဝေးပြည်နယ်၌ ရေကြီးနေသည်ကို ဇန်နဝါရီ၇ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ကုလသမဂ္ဂ စားနပ်ရိက္ခာအစီအစဉ်ဖြင့် ဘင်္ဂလားဒေ့ရှ်သို့ ဆန်ထောက်ပံ့မည်

ဒါကာ ဇန်နဝါရီ ၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် စားနပ်ရိက္ခာ အကျပ်အတည်းဖြင့် ရင်ဆိုင်နေရပြီး ဆန်စပါးဈေးနှုန်းမှာလည်း ထူးကဲစွာ မြင့်တက်လျက်ရှိရာ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ)က ဆန်တန်ချိန် ၅၀၀၀၀ ကို ချက်ချင်း ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ဇန်နဝါရီ ၇ ရက် ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဒဗလျူအက်ဖ်ပီသည် ဘင်္ဂလားဒေ့ရှ်သို့ နောက်ထပ် ဆန်တန်ချိန် ၃၀၀၀၀ ကိုလည်း ဖေဖော်ဝါရီလအတွင်း ပေးပို့ဦးမည်ဖြစ်သည်။ ဆီဒါဆိုင်ကလုန်းမုန်တိုင်း လေဘေးဒုက္ခသည်များအတွက် ပေးပို့ခြင်းဖြစ်သည်။

ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ်မှ ကိုယ်စားလှယ်များနှင့် ထိုင်းနိုင်ငံသံအမတ်ကြီးတို့သည် ဘင်္ဂလားဒေ့ရှ်အိမ်စောင့်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဒေါက်တာအာမက် ချောင်ဒရီနှင့် သီးခြားအစည်းအဝေးပြုလုပ်ပြီးနောက် အကူအညီပေးမည့် အစီအစဉ် ပေါ်ပေါက်လာခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နိုဝင်ဘာလက ဆီဒါဆိုင်ကလုန်း လေမုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် စပါးခင်းများ အကြီးအကျယ်ပျက်စီးခဲ့ပြီး စားနပ်ရိက္ခာအကျပ်အတည်းဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီတလီလေတပ် တိုက်လေယာဉ်များ စစ်ဆေးရန် ပျံသန်းမှုရပ်ဆိုင်း

ရောမ ဇန်နဝါရီ ၇

အီတလီလေတပ်သည် အေအမ်အိပ်စ် ဂျက်တိုက်လေယာဉ် အစင်း ၇၀ ကို ဘေးအန္တရာယ်လုံခြုံမှု စစ်ဆေးနိုင်ရန်၊ ပျံသန်းမှုမပြုလုပ်ဘဲ ရပ်ဆိုင်းထားကြောင်း လေတပ်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး အေမီဒီယိုမက်နာနီက ဇန်နဝါရီ၇ ရက်တွင် ပြောကြားသည်။ အေအမ်အိပ်စ်လေယာဉ်များကို ၁၉၈၉ ခုနှစ်ကစတင် အသုံးပြုခဲ့ပြီး လေယာဉ်မတော်တဆမှု ၁၂ မှု ဖြစ်ပွားခဲ့ပြီး ငါးဦးသေဆုံးခဲ့သည်။

အေအမ်အိပ်စ် လေယာဉ်တစ်စင်း လယ်ကွင်းတစ်ခုအတွင်း ပျက်ကျခဲ့သည့် ဖြစ်ရပ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှု ပြုလုပ်ခဲ့ပြီးနောက် လေယာဉ်များ၏ ဘေးအန္တရာယ်လုံခြုံမှု စစ်ဆေးရန် ရပ်ဆိုင်းထားကြောင်း အန်ဆာသတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

မြို့ပြလေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ၂၀၀၇ခုနှစ်တွင် မတော်တဆမှု အနည်းဆုံးဖြစ်

ဂျီနီဗာ ဇန်နဝါရီ ၇

မြို့ပြလေကြောင်း ပျံသန်းရေးလုပ်ငန်းအတွက် ၂၀၀၇ ခုနှစ်သည် ထူးကဲကောင်းမွန်သည့်နှစ်ဖြစ်သည်။ ထိုနှစ်တွင် ကမ္ဘာတစ်ဝန်းလုံး၌ ကြီးမားသော လေယာဉ်မတော်တဆဖြစ်မှု ၁၃၆ မှုသာ ဖြစ်ပွားခဲ့ကြောင်း လေယာဉ်မတော်တဆ ဖြစ်မှု မှတ်တမ်းရုံး(အေစီအာရ်အို)က ဇန်နဝါရီ ၂ရက်တွင် ထုတ်ပြန်ခဲ့သည်။

လေယာဉ် မတော်တဆဖြစ်မှုသည် ၂၀၀၇ခုနှစ်တွင် ၂၀၀၆ ခုနှစ်ကထက် ၂၈မှု လျော့နည်းသွားသည်။ ၁၉၆၃ ခုနှစ်ကတည်းကစ၍ ရေတွက်ပါက ၂၀၀၇ ခုနှစ်သည် လေယာဉ်မတော်တဆမှု အနည်းဆုံးသောနှစ်ဖြစ်သည်ဟု ဂျီနီဗာအခြေစိုက်အဖွဲ့၏ ကြေညာချက်တွင် ဖော်ပြပါရှိသည်။ ကမ္ဘာတစ်ဝန်းတွင် လေယာဉ်မတော်တဆမှုကြောင့် ၂၀၀၇ခုနှစ်၌ ၉၆၅ ဦး သေဆုံးခဲ့သည်ဟု ပုဂ္ဂလိကလေယာဉ်ဘေးအန္တရာယ် မှတ်တမ်းတွင် ဖော်ပြထားသည်။ ထိုမှတ်တမ်းတွင် ခရီးသည်ခြောက်ဦးနှင့်အထက် လိုက်ပါစီးနင်းသော လေယာဉ်များ၏ အခြေအနေကိုသာ လေ့လာထားခြင်းဖြစ်သည်။

၂၀၀၇ခုနှစ်တွင် လေယာဉ်မတော်တဆမှုကြောင့် သေဆုံးမှုနှုန်းသည် ၂၀၀၆ခုနှစ်ကထက် ၂၅ ရာခိုင်နှုန်း လျော့နည်းပြီး ၂၀၀၄ ခုနှစ် နောက်ပိုင်း သေဆုံးမှု အနည်းဆုံးနှစ်ဖြစ်သည်ဟု ဆိုသည်။

၂၀၀၇ခုနှစ်တွင် ခရီးသည်၁၀၀ ကျော် သေဆုံးသောလေယာဉ်ပျက်ကျမှုသုံးမှု၊ သေဆုံးသူ ၅၀မှ ၁၀၀အထိရှိသည့် လေယာဉ်ပျက်ကျမှုနှစ်မှု၊ သေဆုံးသူ ၂၀ မှ ၅၀အထိရှိသည့် လေယာဉ်ပျက်ကျမှု ငါးမှုရှိကြောင်း သတင်း၌ ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။



အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် တိရစ္ဆာန်မှောင်ခိုရောင်းဝယ်သူများထံမှ ဖမ်းဆီးရမိသော ပင်လယ်လိပ်ကြီးများကို ဇန်နဝါရီ၇ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အင်ဒိုနီးရှား ငွေဖောင်းပွမှု ကျဆင်းလာမည်

ဂျကာတာ ဇန်နဝါရီ ၇

အင်ဒိုနီးရှားနိုင်ငံတွင် အခြေခံကုန်ပစ္စည်းများဖြန့်ဖြူးမှု တိုးတက်လာသဖြင့် ၂၀၀၈ ခုနှစ်အတွင်း ငွေကြေးဖောင်းပွမှုနှုန်း လျော့ကျသွားမည်ဟု အင်ဒိုနီးရှားအစိုးရက မျှော်မှန်းထားကြောင်း ဇန်နဝါရီ ၇ ရက် ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ ငွေကြေးဖောင်းပွမှုနှုန်းသည် ယခုနှစ်အတွင်း ၄ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းအကြားရှိနိုင်ပြီး ၂၀၀၉ ခုနှစ်တွင် ၃ ဒသမ ၅ ရာခိုင်နှုန်းမှ ၅ ဒသမ ၅ ရာခိုင်နှုန်းအကြားနှင့် ၂၀၁၀ ပြည့်နှစ်တွင် ၃ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအကြား ရှိနိုင်သည်ဟု ဘဏ္ဍာရေးဝန်ကြီး ဆရီမာလီယာနီအင်ဒရာဝါတီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ၂၀၀၇ ခုနှစ်တွင် ငွေကြေးဖောင်းပွမှုနှုန်း ၆ ဒသမ ၅၉ ရာခိုင်နှုန်းရှိခဲ့သည်။

အင်ဒိုနီးရှားအစိုးရက အခြေခံစားသုံးကုန်များ ဖြန့်ဖြူးမှုစရိတ် သက်သာစေရန် နည်းလမ်းရှာကြံလျက်ရှိကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ
အမှတ်၊ ၂/၂၀၀၈
၁၃၆၉ ခုနှစ် နတ်တော်လပြည့်ကျော် ၁၁ ရက်
(၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်– နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင် တံဆိပ်များကို အပ်နှင်းလိုက်သည်–

(ယမန်နေ့မှအဆက်)

လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)အဆက်

၅၆။ ဦးချစ်သိန်း၊ အနေးယာဉ်လုပ်သား၊ အမှတ်(၁၀–အေ)၊ ဂန္ဓမာလမ်း၊ မြို့မ(၁)၊ မုဒုံမြို့၊ မွန်ပြည်နယ်
၅၇။ ဦးအေးစိုး၊ ဈေးရောင်း၊ အမှတ်(၈)၊ မြင်းခြံလမ်း၊ လေးဆူရပ်၊ မြို့မ(၃)၊ မုဒုံမြို့၊ မွန်ပြည်နယ်
၅၈။ ဦးလှမြင့်၊ အရောင်းအဝယ်၊ အကွက်(၁၄၅)၊ မေဃဂီရိရပ်ကွက်၊ ၁၈–၁၉ကြား၊ ၈၁–၈၂လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း
၅၉။ ဦးမောင်မောင်လွင်၊ ဈေးသည်၊ ကျောက်မီးကျေးရွာ၊ ပြင်ဦးလွင်လမ်း၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်း
၆၀။ ဦးအုန်းသွင်၊ လုပ်သား၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပြည်တွင်းကုန်တင် ကုန်ချကော်မတီရုံး၊ အလုပ်သမားဝန်ကြီးဌာန
၆၁။ ဦးရေဝတ၊ လက်ထောက်သာသနာပြု၊ ရွှေလိုဏ်ဂူကျောင်း၊ ကျောက်တလုံး ကျေးရွာ၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်
၆၂။ ဦးသန်းမြင့်၊ ဈေးရောင်း၊ အမှတ်(၂၃၄)၊ မော်လမြိုင်–သံဖြူဇရပ်ကားလမ်း၊ လမ်းမကြီးရပ်၊ မုဒုံမြို့၊ မွန်ပြည်နယ်
၆၃။ ဦးမြင့်ဝင်း၊ ကျပန်း၊ သိမ်ကျောင်းရပ်၊ မုဒုံမြို့၊ မွန်ပြည်နယ်
၆၄။ ဦးစန်းဦး၊ ကုန်သည်၊ ဆိတ်မကျေးရွာ၊ အမာမြို့၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်း
၆၅။ ဦးဇနိတ၊ သံဃာတော်၊ မင်းကွန်းတိုက်၊ အောင်သပြေကျောင်း၊ (၃၄)လမ်း၊ ၈၈–၈၉ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း
၆၆။ ဦးအေးဝင်း၊ အရောင်းအဝယ်၊ ဒေါနရပ်ကွက်၊ မြစ်ငယ်မြို့၊ အမရပူရ မြို့နယ်၊ မန္တလေးတိုင်း
၆၇။ ဦးဝိမလ၊ သံဃာတော်၊ ငွေးချိုကျောင်းတိုက်၊ မအူပင်အုတ်ကျောင်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း
၆၈။ ဦးခင်စိုး၊ ဆရာဝန်၊ အမှတ်(၂၆၉)၊ မြင်းခြံလမ်း၊ ဈေး/အရှေ့ပြင်ရပ်၊ သြဇာခြံနယ်မြေ၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း
၆၉။ ဦးအောင်ငွေ၊ ဈေးရောင်း၊ မင်းလမ်း၊ သိမ်ဆိပ်ကျေးရွာ၊ သထုံမြို့နယ်၊ မွန်ပြည်နယ်
၇၀။ ဦးမြင့်စိုး၊ တာယာကွန်ပေါင်းလုပ်ငန်း၊ အမှတ်(၁၅)၊ ဆီဆုံ(၃)လမ်း၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၇၁။ ဦးတင်နွဲ့၊ ရုံးအုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၊ ပြည်ထဲရေး ဝန်ကြီးဌာန
၇၂။ ဦးအုန်းလွင်၊ လျှပ်စစ်ကျွမ်းကျင်(၄)၊ ရွှေကျင်မြို့နယ် လျှပ်စစ်အင်ဂျင် နီယာရုံး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ အမှတ်(၂) လျှပ်စစ် စွမ်းအားဝန်ကြီးဌာန
၇၃။ ဦးသန်းနိုင်၊ ကျောင်းစောင့်၊ အမှတ်(၁၅)၊ အထက၊ မန္တလေး၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန
၇၄။ ဦးခင်မောင်မြင့်၊ လက်ထောက်အုပ်ချုပ်ရေးအရာရှိ၊ အဖျောက်သဘာဝ ဓာတ်ငွေ့မြေ၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်း၊ မြန်မာ့ရေနံနှင့်သဘာဝ ဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန
၇၅။ ဦးကျော်ညွှန့်၊ လုပ်သား၊ မြို့နယ်ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး၊ ကြည့်မြင်တိုင်၊ အလုပ်သမားဝန်ကြီးဌာန
၇၆။ ဒေါ်ဆွေဆွေသန်း၊ မူလတန်းပြ၊ အထက(၄)၊ ကြည့်မြင်တိုင်၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန
၇၇။ ဦးအေးရွှေ(ခ)ဦးအေးဆွေ၊ သန့်ရှင်းရေး၊ အထက(၂)၊ ချမ်းအေးသာစံ မြို့နယ်၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန
၇၈။ ဦးကျော်သန်း၊ လယ်ယာလုပ်ငန်း၊ အမှတ်–၁၆၆၆(က)၊ သလာဝတီ (၄)လမ်း၊ ၁၀/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း
၇၉။ ဦးဇော်ဝင်း(ခ)ဦးမောင်မောင်၊ အရောင်းအဝယ်၊ အမှတ်(၁/၂၈)၊ ရွှေနတ်ဂူ ဘုရားလမ်း၊ နွယ်ခွေ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း
၈၀။ ဦးချစ်လှိုင်၊ ဈေးရောင်း၊ အမှတ်(၂၄)၊ မာလာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း
၈၁။ ဦးတိုးမြင့်၊ ယာဉ်မောင်း၊ အမှတ်(၁၆)၊ ဈေးလမ်း၊ စောရန်ပိုင်တောင် ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း
၈၂။ ဦးသန်းဝင်း၊ ဒုတိယဓာတ်ခွဲခန်းမှူး၊ ဘူမိဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန
၈၃။ ဦးဇော်လင်း၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ
၈၄။ ဦးအောင်စိုးဦး၊ လက်မှုကျွမ်းကျင်(၃)၊ လျှပ်စစ်အင်ဂျင်နီယာဌာန၊ ရန်ကုန် တက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန
၈၅။ ဦးဝင်းကြည်၊ လွှာထိုးစက်ကိုင်(၅)၊ အမှတ်(၆)သစ်စက်၊ ဗိုလ်တထောင်၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန
၈၆။ လ၁၈၀၈၁၈၊ ဒုရဲအုပ်အောင်ဇော်၊ မှုခင်းတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန
၈၇။ ဦးကျော်စိန်၊ အလုပ်ရုံခွဲမှူး (ကုန်ထုတ်)၊ ချည်မျှင်နှင့် အထည်စက်ရုံ (ဆားလင်းကြီး)၊မြန်မာ့အထည်အလိပ်လုပ်ငန်း၊အမှတ်(၁)စက်မှုဝန်ကြီးဌာန

လူမှုထူးချွန်တံဆိပ် (တတိယဆင့်)

၁။ ဦးစိန်ဝင်း၊ ဦးစီးအရာရှိ (ဂီတ)၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးဝန်ကြီးဌာန
၂။ ဦးစိုးမင်း၊ ဦးစီးအရာရှိ (သံစုံ)၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးဝန်ကြီးဌာန
၃။ ဦးမြင့်သန်း၊ အနုပညာရှင် (၂)၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးဝန်ကြီးဌာန
၄။ ဒေါ်မြင့်မြင့်ခိုင်၊ ရုပ်ရှင်သရုပ်ဆောင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ပြန်ကြားရေးဝန်ကြီးဌာန
၅။ ဦးစိုးသိန်း (နေဖြူစိုးသိန်း)၊ ခေတ်ပေါ်တေးဂီတ စိစစ်ရေးအဖွဲ့ဝင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးဝန်ကြီးဌာန
၆။ ဒေါက်တာတင်ထွန်းဦး၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအားကစားကလောင်ရှင်များ အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန
၇။ ဦးကျော်နိုင်၊ ဒု–ဥက္ကဋ္ဌ၊မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်၊အားကစားဝန်ကြီးဌာန
၈။ ဦးစိုးမြင့်လွင်၊ အဖွဲ့ခေါင်းဆောင်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန
၉။ ဒေါ်မြတ်မြတ်ဦး၊ အုပ်ချုပ်သူ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစား ဝန်ကြီးဌာန
၁၀။ ဦးအေးကြူ၊ နည်းပြချုပ်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစား ဝန်ကြီးဌာန
၁၁။ ဦးချစ်နိုင်၊ လက်ထောက်နည်းပြ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစား ဝန်ကြီးဌာန
၁၂။ ဦးကျော်တင့်၊ နည်းပြ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန
၁၃။ ဒေါက်တာမော်လီချစ်၊ လက်ထောက်ဆရာဝန်၊ အားကစားနှင့်ကာယ ပညာဦးစီးဌာန၊ အားကစားဝန်ကြီးဌာန
၁၄။ ဒေါ်သီတာဦး၊ သူနာပြု၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစား ဝန်ကြီးဌာန
၁၅။ မသင်းသင်းစိုး၊ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစား ဝန်ကြီးဌာန
၁၆။ မစိမ်းချိုအောင်၊ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစား ဝန်ကြီးဌာန
၁၇။ မရွှေစင်အောင်၊ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစား ဝန်ကြီးဌာန
၁၈။ မမြင့်မြင့်အေး၊ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစား ဝန်ကြီးဌာန
၁၉။ မခင်မိုးဝေ၊ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစား ဝန်ကြီးဌာန
၂၀။ မစုစုဝေ၊ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစား ဝန်ကြီးဌာန
၂၁။ မငြိမ်းငြိမ်းအိ၊ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစား ဝန်ကြီးဌာန
၂၂။ မမိုင်နီလာထွေး၊ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစား ဝန်ကြီးဌာန
၂၃။ မခင်မာလာထွန်း၊ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစား ဝန်ကြီးဌာန
၂၄။ မမာဂရက်မေရီ၊ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစား ဝန်ကြီးဌာန
၂၅။ ဦးရားဝမ်ဂျုံး၊ အတွင်းရေးမှူး၊ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြစ်ကြီးနားမြို့
၂၆။ ဦးဂဲနက်စ်၊ ဦးစီးမှူး(ပထမတန်း)၊ ကချင်ပြည်နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ မြစ်ကြီးနားမြို့
၂၇။ ဦးဒေါင်ဟောင်း၊ ပြည်နယ်ဦးစီးမှူး (ဒုတိယတန်း)၊ ကချင်ပြည်နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ မြစ်ကြီးနားမြို့
၂၈။ ဒေါ်နုနုဝင်း၊ အတွင်းရေးမှူး၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း
၂၉။ ဦးမျိုးဝင်း၊ မော်တော်ပိုင်၊ ချမ်းမြသာစည်ရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း
၃၀။ ဦးသန်းထွန်း၊ ဥက္ကဋ္ဌ၊ ရွှေအုပ်စုကုမ္ပဏီ၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း
၃၁။ ဦးမောင်မောင်တင့်၊ သိန်းညီနောင်စောင်လုပ်ငန်းနှင့် စင်ကျူရီကွန်ပျူတာ စင်တာ၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း
၃၂။ ဦးဖေငြိမ်း၊ ဟိုတယ်/ခရီး၊စားဖျော်(ငြိမ်း)၊ အလယ်ရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း
၃၃။ ဦးဝင်းသိန်း၊ အတွင်းရေးမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ ပင်လည်ဘူးမြို့နယ်၊ စစ်ကိုင်းတိုင်း
၃၄။ ဦးကျော်သောင်း၊ ကုန်သည်၊ မလွန်ရပ်၊ မန္တလေးမြို့
၃၅။ ဦးတင်ကြူး၊ ပြန်/ဆက်(ငြိမ်း)၊ အမှတ်(၃)ရပ်ကွက်၊ ကန့်ဘလူမြို့
၃၆။ ဦးတင်အေး၊ လဝက(ငြိမ်း)၊ အမှတ်(၁)ရပ်ကွက်၊ ကန့်ဘလူမြို့
၃၇။ ဦးသန်းကြွယ်၊ အမှတ်(၃)၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁)ရပ်ကွက်၊ ကျွန်းစုမြို့၊ တနင်္သာရီတိုင်း
၃၈။ ဦးအောင်မြင့်၊ ကုန်သည်၊ ကညွတ်ကွင်းမြို့၊ ဖြူးမြို့နယ်၊ ပဲခူးတိုင်း
၃၉။ ဦးမြင့်ရွှေ(ကုန်သည်)၊ အထွေထွေမန်နေဂျာ၊ ရတနာဝင်း(သုံးဆယ်) လီမိတက်၊ ဒေသခွဲရုံး၊ သုံးဆယ်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)
၄၀။ ဦးကျော်မိုးခိုင်(ခ) ဦးဘဲဥ၊ ခနသဟာယဆန်စက်နှင့် ရောင်းဝယ်ရေး၊ ခနသဟာယငါးမွေးမြူရေးလုပ်ငန်း၊ ခနသဟာယရော်ဘာစိုက်ပျိုးရေး လုပ်ငန်း၊ လက်ပံတန်းမြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)
၄၁။ ဦးသိန်းထွန်း(ခ) ကိုပြားကြီး၊ ကိုပြားကြီးဆန်စက်လုပ်ငန်း၊ ကိုပြားကြီး ရောင်းဝယ်ရေးလုပ်ငန်း၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)
၄၂။ ဦးဇော်လွင်ဦး၊ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်သော စိုက်ပျိုးရေးကုမ္ပဏီ၊ တပ်မတော်ရိက္ခာတင်ဒါကိုယ်စားလှယ်၊ သီတာရေစင် ဆန်နှင့် စပါး ရောင်းဝယ်ရေး၊ နတ်တလင်းမြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)
၄၃။ ဒေါ်မြင့်မြင့်သောင်း၊ ဆန်စက်ပိုင်ရှင်၊ ရွှေမေတ္တာဆန်စက်၊ လပ်ကီးဘော်ဒါ ကျူရှင်သင်တန်း၊ ဇီးကုန်းမြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)
၄၄။ ဦးခင်လှ၊ ဥက္ကဋ္ဌ (ရယက)၊ တောင်သူ၊ ရွှေပြည်ကျေးရွာ၊ စဉ့်ကူးမြို့၊ မန္တလေးတိုင်း
၄၅။ ဦးပါလေး၊ (ရဲမှူး–ငြိမ်း) အမှတ်(၁၈–က)၊ မင်းရဲကျော်စွာလမ်း၊ တရုတ်တန်းရပ်၊ မုဒုံမြို့၊ မွန်ပြည်နယ်
၄၆။ ဦးဆွေအောင်၊ ကုန်သည်၊ အမှတ်(၄၄)၊ (၇)လမ်း၊ အမှတ်(၃)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်း
၄၇။ မောင်နောင်ထွန်း၊ မှီခို၊ ရေစက်ဝင်း၊ လမ်းသစ်ရိပ်သာ၊ အမှတ်(၁၁) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်း
၄၈။ ဦးရဲအောင်၊ မန်နေဂျင်းဒါရိုက်တာ၊ သီရိကုဋေကြွယ်ကုမ္ပဏီလီမိတက်၊ အမှတ်(၂၇/က) ဖိုးစိန်လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း
၄၉။ ဒေါက်တာဝေလင်း၊ လက်ထောက်ဆရာဝန်၊ တာမိုးညဲ၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)
၅၀။ ဒေါ်နန်းအက်၊ ကျန်းမာရေးကြီးကြပ်အဆင့်–၂၊ တာမိုးညဲ၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)
၅၁။ ဦးခမ်းအောင်၊ တပ်ခွဲမှူး၊ မုံးပေါ်ပြည်သူ့စစ်၊ တာမိုးညဲ၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)
၅၂။ ဦးသန်းထွန်း၊ အတွင်းရေးမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ ဧရာဝတီတိုင်း
၅၃။ ဦးရွှေထွန်း၊ အောင်ခေတ်မီဆန်စက်၊ မြစန္ဒာလမ်း၊ ကွယ်လွယ်ကျေးရွာ၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်း
၅၄။ ဒေါ်သန်းသန်းနွဲ့၊ စည်းရုံးရေးနှင့်ပြန်ကြားရေးတာဝန်ခံ၊ ခရိုင်အမျိုးသမီး ရေးရာအဖွဲ့၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်း
၅၅။ ဒေါက်တာလှလှဝင်း၊ ဆရာဝန်(ပြင်ပ) အမှတ်(၁)၊ (၉)လမ်း၊ အမှတ်(၄) ရပ်ကွက်၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်း
၅၆။ ဦးဝင်းမောင်၊ အထက်တန်းပြ(အငြိမ်းစား)၊ အမှတ်(၅/၄)စိန်ရတုလမ်း၊ လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်း
၅၇။ ဒေါ်သန်းသန်းအေး၊ ကုန်သည်၊ အမှတ်(၄၃)၊ (၁၃)လမ်း၊ မြို့မ (၇)ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်း
၅၈။ ဦးမြသောင်း၊ အစောင့်၊ မြန်မာ့အာမခံလုပ်ငန်း၊ ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန
၅၉။ ဦးတင်မြင့်၊ ရုံးစောင့်၊ ချမ်းမြသာစည်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန
၆၀။ ဦးတင့်လွင်ဦး၊ အင်ဂျင်နီယာ၊ ရွှေသစ်ခွလီမိတက်၊ တိုက်(၁)၊ အခန်း(၁)၊ ဘော်စင်လမ်း၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း
၆၁။ ဦးမျိုးအောင်၊ ဈေးရောင်း၊ အမှတ်(၃၅)၊ ၈လွှာ(အေ)၊ မဂ္ဂင်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း
၆၂။ ဦးဇော်ဝင်း၊ ဒု–ဓာတ်ခွဲခန်းမှူး၊ ရူပဗေဒဌာန၊ မန္တလေးတက္ကသိုလ်၊ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)၊ ပညာရေးဝန်ကြီးဌာန
၆၃။ ဦးသန်းတင်၊ ထုတ်လုပ်ရေးတာဝန်ခံ(ငြိမ်း)၊ သစ်အချောထည်စက်ရုံ၊ အမှတ်(၄၄)၊ ၁၀၉လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း
၆၄။ ဦးမြင့်ဦး၊ ကျွမ်းကျင်(၅)စက်မှု၊ ဖြတ်ဆင် စက်ခေါင်းစက်ရုံ၊ အင်းစိန်၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန
၆၅။ ဘိုမြင့် (မ–၁၃၉၉၈) မီးသတ်တပ်ကြပ်ကြီး၊ မီးသတ်ဦးစီးဌာနချုပ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
၆၆။ ဦးစိန်ထွန်း၊ တပ်မတော်လေ(ငြိမ်း)၊ အမှတ်(၁၁၅၆)၊ ၅–လွှာ၊ ဇေယျာသုခ လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း
၆၇။ ဦးထွန်းမြင့်၊ ယာဉ်မောင်း၊ လိုင်း(၇၅)၊ အခန်း(၅)၊ ကျန်းမာရေးဝန်ထမ်း အိမ်ရာ၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်း
၆၈။ အရှင်ဝိပုလ၊ သာသနာ့ဝန်ထမ်း၊ ဇောတိကာရုံကျောင်း၊ အောင်မင်္ဂလာ ကျောင်းတိုက်၊ (၁၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်း
၆၉။ တင်မောင်ဦး (မ–၁၅၀၅၆)၊ မီးသတ်ဒု–တပ်ကြပ်၊ မြို့နယ်မီးသတ် ဦးစီးဌာန၊ ရွှေဘို၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန
၇၀။ ဦးသန်းရွှေ၊ ပန်းချီလုပ်ငန်း၊ ကျောင်းကြီးလမ်း၊ (၂)ရပ်ကွက်၊ ခရမ်းမြို့၊ ရန်ကုန်တိုင်း
၇၁။ အရှင်တိက္ခစာရ၊ သာသနာ့ဝန်ထမ်း၊ ပါဠိတက္ကသိုလ် အောင်မင်္ဂလာ တိုက်သစ်၊ သစ်တောလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း
၇၂။ ဦးထွန်းငြိမ်း၊ ယာဉ်မောင်း၊ အမှတ်(၅၉)၊ ဘီ(၃)၊ ဆင်မင်းလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း
၇၃။ ဦးယဉ်ထွေး၊ အတွင်းရေးမှူး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ရန်ကုန်တိုင်း
၇၄။ ဒေါ်အေးအေးမြင့်၊ လက်မှုကျွမ်းကျင်၊ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
၇၅။ ဦးဝင်းမောင်၊ ဈေးရောင်း၊ အမှတ်(၂၂)၊ သုခမ္ဗလမ်း၊ (၆)ရပ်ကွက်၊ သုံးခွမြို့၊ ရန်ကုန်တိုင်း
၇၆။ ဦးမြင့်အောင်၊ အမှတ်(၄)သစ်စက်(ဝါးတရာ)၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန
၇၇။ ဦးမျိုးမင်း၊ လက်ထောက်ကထိက(ဓာတုဗေဒဌာန)၊ လှိုင်ကော်တက္ကသိုလ်၊ အဆင့်မြင့်ပညာဦးစီးဌာန
၇၈။ ဒေါ်ခင်စိန်၊ အကြီးတန်းစာရေး(ငြိမ်း)၊ မြန်မာ့အာမခံလုပ်ငန်း၊ ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန

(ဆက်လက်ဖော်ပြပါမည်)

ဆိုက်ဘာစီးတီးကွန်ပျူတာဆိုင်မှ ဖောက်ထွင်းခိုးယူခံရသောငွေများ ပိုင်ရှင်ထံ ပြန်လည်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ သိမ်ဖြူလမ်းရှိ ဆိုက်ဘာစီးတီး ကွန်ပျူတာဆိုင်မှဖောက်ထွင်းခိုးယူခံရသော ငွေများ ပိုင်ရှင်ထံ ပြန်လည် လွှဲပြောင်းပေးအပ်သည့်အခမ်းအနားကို ဇန်နဝါရီ၆ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ရဲစခန်း၌ ကျင်းပခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၅ရက်တွင် ဆိုက်ဘာစီးတီးကွန်ပျူတာဆိုင်မှအမေရိကန်ဒေါ်လာ ၃၆၀၀၀၊ FEC ၁၀၀၀၊ မြန်မာငွေစက္ကူရောရော ငွေကျပ် သိန်း၈၀ ဖောက်ထွင်းခိုးယူခံရသဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် ရဲစခန်း၌ အမှုဖွင့်အရေးယူခဲ့ကြောင်း၊ အမှုကို ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး၊ ဒုစရိုက်နှိမ်နင်းရေးဌာနစုမှ ဌာနစုမှူး ရဲအုပ်မြင့်သောင်းဦးစီးတပ်ဖွဲ့ဝင်များက တာဝန်ယူ၍ သတင်းစုံစမ်းစစ်ဆေးခဲ့ရာ ဒီဇင်ဘာ ၂၂ရက်တွင် ကောက်တိုလုပ်ကိုင်သူ အောင်ကျော်ထက်(ခ)အောင်သူ(ခ)ဘောစေ့ (၁၄)နှစ်အား လည်းကောင်း၊ ဒီဇင်ဘာ၂၇ရက်တွင် တောသားလေး(ခ)နိုင်မင်းအောင် (၁၅)နှစ်အား လည်းကောင်း၊ ဒီဇင်ဘာ၂၈ရက်တွင် တောသားကြီး(ခ)ဇော်ထက်(ခ) ကတုံး(၁၅)နှစ်အားလည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်းသိရှိရသည်။

၎င်းတို့၏ ထွက်ဆိုချက်များအရ ၂၀၀၇ခုနှစ် ဒီဇင်ဘာလအတွင်း ရက်မမှတ်မိ ညနေ ၃နာရီခန့်တွင် ၎င်းတို့သုံးဦးသည် ပုရွက်ဆိတ်ကုန်းဘူတာ၌ တွေ့ဆုံ၍ ရထားဖြင့် ပုဇွန်တောင်ဘူတာသို့ရောက်ရှိပြီး ဆိုက်ဘာစီးတီးကွန်ပျူတာဆိုင်နှင့် အနီးပတ်ဝန်းကျင်ကို လေ့လာခဲ့ကြောင်း၊ အချိန်စောသေး၍ အနီးရှိ ဘုန်းကြီးကျောင်းနှင့်သစ်ပင်များပေါ်တွင် တက်ရောက် ပုန်းခိုအိပ်ခဲ့ပြီး နောက်တစ်နေ့နံနက် ၃နာရီတွင် ဆိုက်ဘာစီးတီး ကွန်ပျူတာဆိုင်ကို ဝင်ရောက်ခိုးယူခဲ့ကြောင်း။

ဆိုင်နောက်ဖေးပေါက်သစ်သားတံခါးမှာသော့ခတ်မထားသဖြင့်အလွယ်တကူဖွင့်၍ ရရှိခဲ့ပြီး သံတံခါးကို အုတ်ခဲကျိုးဖြင့် ကန့်လန့်ခံကာဝင်ရောက်ခဲ့ကြောင်း၊ အတွင်းခန်း သစ်သား တံခါးကိုလည်း ၎င်းတို့သုံးယောက်အားဖြင့် ဆွဲဖွင့်ခဲ့ကြောင်း၊ ထို့နောက် အံဆွဲများကို ဝက်အူလှည့်ဖြင့် လိုက်လံဖွင့်ကြည့်ပြီး အမေရိကန်ဒေါ်လာ၊ FEC၊ မြန်မာကျပ်ငွေရောရောများကို ယူဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းတို့သုံးဦးထံမှ ပြန်လည်သိမ်းဆည်းရမိခဲ့သောငွေများကို အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်အေးက ဆိုက်ဘာစီးတီး ကွန်ပျူတာ ဆိုင်မန်နေဂျာ ဦးအောင်သူရ **(အောက်ပုံ)**ထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခိုးမှုများဖော်ထုတ်ပေးခဲ့သော ရန်ကုန်တိုင်းရဲတပ်ဖွဲ့သို့ ဆိုက်ဘာစီးတီးကုမ္ပဏီမန်နေဂျင်း ဒါရိုက်တာ ဦးဘုန်းကြွယ်က ကွန်ပျူတာနှင့်မိတ္တူကူးစက် ပေးအပ်လှူဒါန်းရာ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းနိုင် လက်ခံစဉ်။

(သတင်းစဉ်)

ခိုးမှုများဖော်ထုတ်ပေးခဲ့သော ရန်ကုန်တိုင်း ရဲတပ်ဖွဲ့သို့ ကွန်ပျူတာနှင့် မိတ္တူကူးစက် ဂုဏ်ပြုလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၈

ခိုးမှုများဖော်ထုတ်ပေးခဲ့သော ရန်ကုန်တိုင်းရဲတပ်ဖွဲ့သို့ ဆိုက်ဘာစီးတီးကုမ္ပဏီမှ ကွန်ပျူတာနှင့် မိတ္တူကူးစက်များ ဂုဏ်ပြုလှူဒါန်းပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က အမှာစကားပြောကြားသည်။

ထို့နောက် ဆိုက်ဘာစီးတီး ကွန်ပျူတာဆိုင်မှ ဒီဇင်ဘာ ၅ ရက်တွင် အမေရိကန်ဒေါ်လာ ၃၆၀၀၀၊ FEC ၁၀၀၀ ယူနစ်၊ မြန်မာကျပ်ငွေ သိန်း ၈၀ ကျော် ပျောက်ဆုံးမှုကို ရန်ကုန်တိုင်းရဲတပ်ဖွဲ့၊ ဒုစရိုက်နှိမ်နင်းရေးဌာနစုမှ ဌာနစုမှူး ရဲအုပ်မြင့်သောင်းနှင့် တပ်ဖွဲ့ဝင်များက ၁၇ ရက်အတွင်း ပြစ်မှုကျူး လွန်သူများအား သက်သေခံပစ္စည်းများနှင့်တကွ ဖော်ထုတ်ပေးနိုင်ခဲ့သဖြင့် ဆိုက်ဘာစီးတီးကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးဘုန်းကြွယ်က ကျေးဇူးတင်စကားပြောကြားပြီး ရန်ကုန်တိုင်း ရဲတပ်ဖွဲ့သို့ ကာလတန်ဖိုးငွေကျပ် ၃၃ သိန်းခန့် တန်ဖိုးရှိ VISOR အမျိုးအစားကွန်ပျူတာတစ်စုံနှင့် Canon NP 1215 အမျိုးအစား မိတ္တူကူးစက်တစ်လုံးတို့ကို ပေးအပ်လှူဒါန်းရာ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူးက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖယ်ခုံမြို့နယ် ဘောရန် ကျေးရွာတွင် ဘိန်းစိမ်းနှင့် ဘိန်းညိုများ ဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၈

တောင်ကြီး မူးယစ်အထူးအဖွဲ့နှင့် ပင်လောင်းရဲတပ်ဖွဲ့စခန်းမှရဲတပ်ဖွဲ့ဝင်များပါဝင်သောအဖွဲ့သည် ဇန်နဝါရီ ၆ ရက် နံနက် ၅ နာရီတွင် ဖယ်ခုံမြို့နယ်၊ ဘောရန်ကျေးရွာနေ ထွန်းရွှေ (၃၉)နှစ် (ဘ)ဦးတက်တိုး၏ နေအိမ်အားဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်တွင် ထွန်းရွှေနှင့်အတူ ပင်လောင်းမြို့နယ်၊ ဆောင်းတန်းကျေးရွာနေ မောင်ပိ (၂၉)နှစ်(ဘ) ဦးလောင်အား တွေ့ရှိရပြီး မောင်ပိ၏ အိပ်ရာဘေးရှိ ပလိုင်းအတွင်းမှ ဘိန်းစိမ်း ၃ဒသမ၉၂ကီလိုဂရမ်၊ ကာလတန်ဖိုးငွေကျပ် ၂၉ဒသမ၄ သိန်းဖိုးခန့်ကို လည်းကောင်း၊ ထွန်းရွှေ၏ အိပ်ခန်းအတွင်းရှိ သစ်သားဗီရိုအတွင်းမှ ပလတ်စတစ်ဖြင့် ထုပ်ထားသော ဘိန်းညိုမှုန့်ကိုးကီလိုဂရမ်၊ ကာလတန်ဖိုးငွေကျပ် ၈၈၂သိန်းဖိုးခန့်၊ ဘိန်းညိုမှုန့် ချက်လုပ်ရာတွင် အသုံးပြုသည့် အမိုးနီးယားကလိုရိုက်ကီလို ၁၀၀၊ကာလတန်ဖိုးငွေကျပ် ၁ဒသမ၅ သိန်းခန့်၊မော်တော်ကားချိုင့်တစ်ခုနှင့် ဒယ်အိုးကြီးတစ်လုံးတို့ကို လည်းကောင်း ရမိခဲ့သည်။

ထို့နောက် ထွန်းရွှေ၏ ဖခင်ဖြစ်သူ ဦးတက်တိုး၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ အိပ်ခန်းအတွင်းရှိ သေတ္တာအတွင်းမှ ဘိန်းစိမ်း ၈၀ဒသမ၆ကီလိုဂရမ် ကာလတန်ဖိုးငွေကျပ် ၆၀၄ ဒသမ၅သိန်းဖိုးခန့်၊ သစ်သားသေတ္တာအတွင်းမှဘိန်းစိမ်း ၁၇ဒသမ၁၅ ကီလိုဂရမ် ကာလတန်ဖိုးငွေကျပ် ၁၂၈ ဒသမ၆ သိန်းဖိုးခန့်၊ အစိမ်းရောင်ပလတ်စတစ်ပုံးအတွင်းမှ ဘိန်းစိမ်း ၈ ဒသမ ၁၅ ကီလိုဂရမ် ကာလတန်ဖိုးငွေကျပ် ၆၁ ဒသမ ၁ သိန်းဖိုးခန့် စုစုပေါင်း ဘိန်းစိမ်း ၁၀၉ ဒသမ ၈၂ ကီလိုဂရမ် ကာလတန်ဖိုး ငွေကျပ် ၈၂၃ဒသမ၆ သိန်းဖိုးခန့်ရှာဖွေတွေ့ရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပင်လောင်းရဲတပ်ဖွဲ့စခန်းက ထွန်းရွှေ၊မောင်ပိတို့နှစ်ဦးအပေါ် မူးယစ်(ပ)သတင်းချက်အမှတ်၁/၂၀၀၈၊မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁အရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

တောင်တွင်းကြီးမြို့ရှိ ဝေဖာမုန့်လုပ်ငန်းတွင် ခြင်ဆေးခွေထွန်းရာမှ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၈

တောင်တွင်းကြီးမြို့ ရွှေအိုး(၂)ရပ်ကွက် ရခိုင်ဘုရားကြီးလမ်းရှိ ဦးရန်မင်း(၆၀)နှစ်ပိုင် မုန့်လုပ်ငန်းရှိ ပေ ၃၀ပတ်လည် သွပ်မိုးအုတ်ကာ မုန့်ဂိုဒေါင်၌ ဇန်နဝါရီ ၃ရက် နံနက် ၈ နာရီ မိနစ် ၅၀ ခန့်တွင် မုန့်ရောင်းစာရေး ဦးခင်မောင်တင့်(ခ) ဖိုးပြုံး(၄၈)နှစ်က ခြင်ဆေးခွေထွန်းရာမှ ဂိုဒေါင်အတွင်းရှိ ဝေဖာမုန့်အိတ်များကို မီးစွဲကာ မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်မှုနှင့် ပတ်သက်၍ ဦးခင်မောင်တင့်(ခ) ဖိုးပြုံးကို တောင်တွင်းကြီးရဲစခန်းမှ (ပ) သတင်းချက်အမှတ် ၉/၂၀၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၈၅ အရ အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

(သတင်းစဉ်)

ဆင်ဆာမဲ့နှင့် ခိုးကူးသီချင်းဗွီစီဒီများ ရောင်းချနေသူကို ဖမ်းဆီးအရေးယူ

ရန်ကုန် ဇန်နဝါရီ ၈

လသာမြို့နယ်၊ (၅)ရပ်ကွက်၊ မဟာဗန္ဓုလလမ်းနှင့် (၂၁)လမ်းဆုံတွင် လသာရဲစခန်းမှ တပ်ဖွဲ့ဝင်များက ယမန်နေ့ နံနက် ၁၀နာရီခွဲတွင် သက်သေများနှင့်အတူ သွားရောက်ရှာဖွေဖမ်းဆီးရာတွင် ၎င်းနေရာ၌ ဇင်မင်းထွန်း(၂၉)နှစ် (၂)လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေသူအား ညစ်ညမ်းနိုင်ငံခြားဗွီစီဒီမျိုးစုံ ၉၄ချပ်၊ မြန်မာကာရာအိုကေ ဗွီစီဒီ (ခိုးကူး) ၃၁၀ချပ်၊ ဆင်ဆာမဲ့နိုင်ငံခြားရုပ်ရှင်မျိုးစုံဒီဗွီဒီ ၁၄၁ချပ်၊ ညစ်ညမ်းနိုင်ငံခြားဒီဗွီဒီ ၁၅ချပ်၊ ဆင်ဆာမဲ့နိုင်ငံခြား(ကိုရီးယား)ဇာတ်လမ်းဒီဗွီဒီ ၅၃ချပ်၊ ဗွီစီဒီ/ဒီဗွီဒီများရောင်းရငွေကျပ် ၈၇၀၀၀တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ၎င်းကို လသာရဲစခန်းက (ပ) သတင်းချက်အမှတ် ၁၀/၂၀၀၈၊ ၁၁/၂၀၀၈၊ မြန်မာ့ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၂(ခ)/ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၂(က)အရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပန်းဘဲတန်းမြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ်၊ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးတင်ရွှေ အမှာစကားပြောကြားစဉ်။

(ပညာရေး)

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသော လွတ်လပ်ရေးနေ့အကြို၊ သားကောင်း မိခင်နှင့် ကလေးပြိုင်ပွဲတွင် ဆုရရှိသော ကလေးများအား ဇန်နဝါရီ ၄ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဆုပေးပွဲကျင်းပရာ အမြွှာပထမရရှိသော ကလေးနှစ်ဦးကို မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝင်း ဆုချီးမြှင့်စဉ်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၁-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၀၀ ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ **ကာတွန်းအစီအစဉ် "ငါးကလေးရဲ့စွန့်စားခန်း" အပိုင်း(၁၁)**
၆:၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပုံရိပ်ပမာ အပိုင်း(၆၀)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ **English Usage**
၂၀။ ဗွီစီဒီကျော်ကြားတေးများ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပြည့်ချစ်သူရဲကောင်း (အပိုင်း-၂၂)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

❖ ရှေ့ဖုံးမှ

သေချာစွာ တိုင်းတာတွက်ချက်ပြီးမှ တံတားအူကြောင်းနေရာ ရွေးချယ်သတ်မှတ်ရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် တောင်တွင်းကြီးမြို့မှ နေပြည်တော်ပျဉ်းမနား–တောင်ညို–တောင်တွင်းကြီး လမ်းအတိုင်း လမ်းတစ်လျှောက် လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ငွေးချိုလမ်းစခန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ လမ်းတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၅) ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစန်းဝေက လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ပွင့်လင်းရာသီတွင် လုပ်ငန်းများ ပြီးနိုင်သမျှပြီးစီးအောင် အမြန်ဆုံးဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်–မန္တလေး အမြန်လမ်းစီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိကြရာ အင်ဂျင်နီယာမှူးကြီး ဦးတင့်ဆန်း၏ ရှင်းလင်းတင်ပြချက်အပေါ် ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

တိုင်းရင်းဆေးတက္ကသိုလ် ပထမအကြိမ် ဘွဲ့နှင်းသဘင်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်၏ ပထမအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွှန့်နှင့် အထူးဖိတ်ကြားထားသော ဧည့်သည့်တော်များ၊ တိုင်းရင်းဆေးတက္ကသိုလ် ဆရာ၊ ဆရာမများ၊ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (B.M.T.M)ရ မောင်မယ် ၁၆၆ ဦးနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (B.M.T.M) ပေါင်းကူးရရှိသူ ၁၀ဦး၊ ပုံမှန်ဘွဲ့ရရှိသူ ၁၆၆ဦးနှင့် အဝေးရောက် ဘွဲ့ယူသူ ခုနစ်ဦး စုစုပေါင်း ၁၈၃ ဦး ဘွဲ့ရရှိခဲ့ကြသည်။

B.M.T.M ဘွဲ့များကို တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလွင်ကို **(ဝဲပုံ)**က ပေးအပ်ချီးမြှင့်ပြီး အမှာစကား ပြောကြားသည်။

ဘွဲ့နှင်းသဘင် ဂုဏ်ပြုညစာ စားပွဲကိုလည်း ညပိုင်းတွင် တိုင်းရင်းဆေးတက္ကသိုလ်မြက်ခင်းပြင်၌ ကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်ထပ်ကျောင်းဆောင် ရေစက်ချလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၈

ဗိုလ်တထောင်မြို့နယ် ဘိုကလေးဈေးလမ်းအမှတ်(၈၆)နေ ဦးစိန်ဝင်း–ဒေါ်ဝင်းယုသန်း မိသားစုတို့က မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိတ်ကုန်းရပ်ကွက် ရွာဦးလမ်း၌ ဝင်းသီရိအမည်ရှိ နှစ်ထပ်တိုက်ကျောင်းဆောင် ဆောက်လုပ်၍ ဆရာတော်ဘဒ္ဒန္တ ဩဘာသအား လှူဒါန်းရေစက်ချပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉နာရီက အဆိုပါ နှစ်ထပ်တိုက်ကျောင်းဆောင်၌ ကျင်းပရာ အခမ်းအနားသို့ တောင်ဥက္ကလာပမြို့နယ် ငွေကြာရံ ပရိယတ္တိစာသင်တိုက် ပဓာန နာယက နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တရေဝတ (အဂ္ဂမဟာပဏ္ဍိတ)နှင့် မရမ်းကုန်းမြို့နယ် နာဂလိုဏ်ဂူ ကလေးဝတောရ ပရိယတ္တိစာသင်တိုက် ပဓာနနာယက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးဆောင်(၁) ဆရာတော် ဘဒ္ဒန္တ ဇာဂရာဘိဝံသ(ဒွိပိဋကရေ အဂ္ဂမဟာပဏ္ဍိတ)တို့ ကြွရောက်တော်မူကြပြီး ငွေကြာရံဆရာတော်က သီလပေး တရားတော်ကို လည်းကောင်း၊ နာဂလိုဏ်ဂူ ကလေးဝတောရ ဆရာတော်က ရေစက်ချတရားတော်ကိုလည်းကောင်း ဟောကြားတော်မူကြသည်။

ထို့နောက် အလှူရှင်မိသားစုက ဆရာတော် သံဃာတော်များအား ဆွမ်းဆက်ကပ်၍ လှူဖွယ်ဝတ္ထုများကို လှူဒါန်းကြကြောင်း သိရသည်။

(က–ပ)

❍ ကမ္ဘာ့အကြီးဆုံးမှ

မတ်ဆုရှီတာကုမ္ပဏီသည် ပန်နာဆိုးနစ်နှင့် တက္ကနစ်ကုန်အမှတ်တံဆိပ်များဖြင့် ပလာစမာနှင့် အယ်လ်စီဒီ ရုပ်မြင်သံကြားစက်များကို ထုတ်လုပ်လျက်ရှိသည်။

ကမ္ဘာ့အကြီးဆုံး ရုပ်မြင်သံကြားဖမ်းစက်ကို အမေရိကန်နိုင်ငံ လတ်ဗီးဂက်စ်မြို့၌ ကျင်းပသော အီလက်ထရွန်နစ် ပစ္စည်းများပြပွဲတွင် ပြသထားသည်။

ယခင် ကမ္ဘာ့အကြီးဆုံးရုပ်မြင်သံကြားဖမ်းစက်မှာ ရုပ်ကော်ပိုရေးရှင်းက တီထွင်ထုတ်လုပ်ခဲ့သည့် ၁၀၈လက်မ လစ်ကွစ်ခရစ္စတယ်လ် ဖန်သားပြင် ရုပ်မြင်သံကြားစက်ဖြစ်သည်။

အင်တာနက်



ဂျပန်နိုင်ငံရှိ မတ်ဆုရှီတာကုမ္ပဏီက ပန်နာဆိုးနစ်ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ထားသော ကမ္ဘာ့အကြီးဆုံး ပလာစမာ ရုပ်မြင်သံကြားဖမ်းစက်ကို ဇန်နဝါရီ ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အကြိမ်(၄၀)မြောက် အလောင်းတော် ကဿပ ရဟန္တာအရှင်မြတ်အား သွားရောက်ဖူးမြော်ကြမည်

ရန်ကုန် ဇန်နဝါရီ ၈

အလောင်းတော်ကဿပ ရဟန္တာအရှင်မြတ်ကြီးအား အကြိမ်(၄၀)မြောက် ထမနဲဆွမ်းနှင့် ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ပွဲကို အလောင်းတော်ကဿပ ဝန်ဆောင်အဖွဲ့ နာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမန ဦးဆောင်၍ တပို့တွဲလပြည့်နေ့ နံနက်ပိုင်းတွင် မဟာမြိုင်အလောင်းတော် ကဿပစံကျောင်းတော်၌ ကျင်းပမည်ဖြစ်သည်။

လိုက်ပါကုသိုလ်ယူလိုသူ အလှူရှင်များသည် ရန်ကုန်မြို့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင် ဦးမောင်မောင်ဌေး (ဖုန်း–၂၂၆၀၂၄)သို့ ဖေဖော်ဝါရီ ၇ ရက် နောက်ဆုံးထား၍ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(က–ပ)

▲ မူဆယ်(၁၀၅)မိုင်မှ

ကီလိုဂရမ် ၅၀ မှ ကီလိုဂရမ် ၈၀ ထိ ပါရှိ၍ ကားတစ်စီးလျှင် သေတ္တာ ၈၀ မှ ၁၁၀ ထိပါရှိသည်။ သယ်ဆောင်လာသည့် လမ်းတစ်လျှောက်တွင် ငါးရှဉ့်များသည် သေတ္တာပုံးထဲရှိ ရေများကိုသာ အသုံးပြုရခြင်းကြောင့် ရေများ ညစ်ညမ်းနေသည့်အတွက် ရောင်းချမည့် နေရာသို့ရောက်လျှင်ရောက်ချင်း ရေအမြန်လဲပေးရသည်ဟု သိရသည်။ ငါးရှဉ့်လုံးပတ် သုံးစင်တီမီတာအောက် အရွယ်များ မပါရှိစေရန် ဆန်ခါချရကြောင်း သိရသည်။

ဒီဇင်ဘာလကုန်ရက်တွင် ငါးရှဉ့်ပေါက်ဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၈၀၀ ခန့်ဖြစ်သည်ဟု သိရသည်။

ငါး၊ ပုစွန်များမှာလည်း တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်း စသည့် ဒေသများမှ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး ယခုနှစ် ဒီဇင်ဘာ ၂၇ ရက်အထိ ငါး၊ ပုစွန်ကားပေါင်း ၁၄၆ စီးတွင် ငါးတန်ချိန် ၃၂၉၉ ဒသမ ၇၈ မက်ထရစ်တန်၊ ပုစွန်တန်ချိန် ၂၃၈ ဒသမ ၁၆ မက်ထရစ်တန်ဝင်ရောက်ခဲ့သည်။ ၂၀၀၆ ခုနှစ် တစ်နှစ်ပတ်လုံးတွင် ပုစွန်အခွံခွာ တင်ပို့မှု တန်ချိန်ပေါင်း ၃၈၄၀၊ ငါး ၂၃၈၂၉ တန်ခန့် တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

မြန်မာ–တရုတ်နယ်စပ်သို့ အများဆုံးတင်ပို့သည့် ငါးများမှာ ငါးသင်ဝါ၊ ငါးသဲထိုး၊ ငါးမုတ်ဖြူ၊ ငါးခေါင်းပွ၊ ငါးတံခွန်၊ ငါးပုတ်သင် စသည့် ငါးအမျိုးအစားများအပါအဝင် ငါးအမျိုးအစား ၅၀ခန့် နေ့စဉ် တင်ပို့လျက်ရှိကြောင်း သိရသည်။

ယခင်က ငါး၊ ပုစွန်များကို အအေးခန်းမရှိ၍ တစ်ဖက်နိုင်ငံဘက်ရှိ အအေးခန်းများအထိ သွားရောက်ပို့ဆောင် ရောင်းချခဲ့ရသဖြင့် နစ်နာမှုအချို့ ရှိခဲ့သည်။ ယခုအခါ အမျိုးသား ကြီးပွားတိုးတက်ရေး အများပိုင်လီမိတက်မှ မူဆယ်နယ်စပ်၌ အအေးခန်းများ တည်ဆောက်ပြီး ဝန်ဆောင်မှုများ ပေးလျက်ရှိသဖြင့် ငါး၊ ပုစွန်လုပ်ငန်းရှင်များ အနေဖြင့် စီးပွားရေးဈေးကွက် အသာရကာ မိမိတို့ စိတ်ကြိုက် ရောင်းဝယ်နိုင်မှုကြောင့် လုပ်ငန်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ (ကြေးမုံ)

ကဏန်းများကို ချိန်တွယ်ရွေးချယ်နေကြသော အလုပ်သမားများကို တွေ့ရစဉ်။

ဈေးကွက်အတွင်း ရောက်ရှိလာသော ငါးရှဉ့်ပုံးများအတွင်း ရေသစ် လဲလှယ်ပေးနေစဉ်။

ငါးရှဉ့်မျိုး ပြုန်းတီးမှုမရှိစေရေးအတွက် လုံးပတ်သုံးစင်တီမီတာအောက် ငါးရှဉ့်များမပါရှိစေရန် ဆန်ခါချနေစဉ်။

တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရွေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

၂၀၀၇ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရွေ့ပြိုင်ပွဲ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၂၄ ရက် ညနေ ၄ နာရီတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဇနီး ဒေါ်သင်းမျိုးမျိုးအောင်နှင့် တာဝန်ရှိသူများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်၍ လိုက်ဝိတ်တန်း(ခ)အဆင့်၊ လိုက်ဝယ်တာဝိတ်တန်း (ခ) အဆင့်နှင့် ပင်းဝိတ်တန်း (က)အဆင့် ဗိုလ်လုပွဲယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ လိုက်ဝိတ်(ခ)အဆင့်၊ လိုက်ဝယ်တာဝိတ် (ခ) အဆင့်၊ ပင်းဝိတ်(က)အဆင့် ပထမ၊ ဒုတိယရရှိသူများ၊ လူသစ်တန်း (ဂ) အဆင့်၊ (ခ)အဆင့်နှင့် (က)အဆင့် အကောင်းဆုံး အားကစားသမားဆုရရှိကြသူများ၊ လူသစ်တန်း (ဂ) အဆင့်၊ (ခ)အဆင့်တွင် တံခွန်စိုက်ဒိုင်းဆုရရှိသော အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်း၊ (က)အဆင့်တွင် တံခွန်စိုက်ဒိုင်းရရှိသော တောင်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းတို့အား ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ကြသည်။ ဆက်လက်၍ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကိုယ်စား တိုင်းမှူးဗိုလ်ချုပ်သောင်းအေးက ပထမဆုရရှိသော အရှေ့မြောက်တိုင်း စစ်ဌာနချုပ်အသင်းအား တပ်မတော် ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်းဆုကြီးကို ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ရွေ့ပြိုင်ပွဲတွင် ပထမဆုရရှိသော အရှေ့မြောက်တိုင်း စစ်ဌာနချုပ်အသင်းအား တံခွန်စိုက်ဒိုင်းဆုကြီး ပေးအပ်ချီးမြှင့်စဉ်။(သတင်းစဉ်)

✧ ကျောဖုံးမှ

ပြည်နယ် ညွှန်ကြားရေးမှူး ဦးသန်းမြင့်တို့က သစ်တောကြိုးဝိုင်းများ ထိန်းသိမ်းထားရှိမှုနှင့် သစ်တောစိုက်ခင်းများ စိုက်ပျိုးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးသည် တောင်ကုတ်မြို့ အမှတ် (၉၉) သစ်စက်သို့သွားရောက်၍ သစ်ခွဲစိတ်လည်ပတ်နေမှုနှင့် ခွဲစိတ်ပြီးသစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးပြီး တောင်ကုတ်မြို့ မြန်မာ့သစ်လုပ်ငန်း သံတွဲ သစ်ထုတ်ရေးဒေသ မှတ်သစ်ဆိပ်ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ဇန်နဝါရီ ၇ ရက်တွင် သံတွဲမြို့ မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်ရေးဌာန ဒုတိယအထွေထွေမန်နေဂျာရုံးသို့ ရောက်ရှိပြီး သံတွဲမြို့ရှိ မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောဦးစီးဌာနတို့မှ ဝန်ထမ်းများအား လုပ်ငန်းရည်မှန်းချက်များ ပြီးမြောက်အောင်မြင်စေရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် သံတွဲမြို့ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ် (၆၈) သစ်စက်ကိုလည်းကောင်း၊ သံတွဲမြို့ သံတွဲစံပြကြိုးဝိုင်းအတွင်းရှိ ၁၉၆၉ ခုနှစ် ကျွန်းစိုက်ခင်းဧက ၅၀၊ ၁၉၇၀ ပြည့်နှစ် ကျွန်းစိုက်ခင်းဧက ၅၀ နှင့် ၁၉၇၁ ခုနှစ် ကျွန်းစိုက်ခင်း ၄၅ ဧကတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဂွမြို့ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ် (၈၅) သစ်စက်ကိုလည်းကောင်း၊ ရေကြည်-ငါးသိုင်းချောင်း-ဂွလမ်းပေါ်ရှိ ဒေါင်းချောင်းစခန်းကိုလည်းကောင်း၊ ဂွမြို့ သစ်တောစိုက်ခင်းစခန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး သစ်တောရွာအခြေခံပညာ မူလတန်းကျောင်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရေကြည်မြို့နယ် လေးမျက်နှာကြိုးဝိုင်းအတွင်း ၂၀၀၇ ခုနှစ် ပုဂ္ဂလိကသစ်မျိုးစုံ(မဟော်ဂနီ) စိုက်ခင်း ၁၀ ဧကနှင့် ရေကြည်မြို့နယ် ပုသိမ် သစ်ထုတ်ရေးဒေသ မာလာကွင်းသစ်ဆိပ်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအကြီးအကဲများထံမှ သဝဏ်လွှာများပေးပို့

ရန်ကုန် ဇန်နဝါရီ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထံသို့လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့လည်းကောင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံ အကြီးအကဲများထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ဆက်လက်ပေးပို့လျက်ရှိသည်။

ဘယ်လာရု(စ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံသို့ ဘယ်လာရု(စ်)သမ္မတနိုင်ငံ သမ္မတ မစ္စတာအလက်ဇန္ဒားဇူရှင်ကို ထံမှ ပေးပို့သောသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဘယ်လ်လာရု(စ်) ပြည်သူများကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ပူးပေါင်းဆောင်ရွက်မှု ဘက်စုံဖြစ်ပေါ်တိုးတက်ရေးအတွက် ဘယ်လာရု(စ်) သမ္မတနိုင်ငံက ကြိုးစားအားထုတ်ရန် ထပ်လောင်းအတည်ပြုအပ်ပါကြောင်း၊ အဆွေတော် ကျန်းမာချမ်းသာပါစေရန်နှင့် မြန်မာပြည်သူများ ရှင်လန်းချမ်းမြေ့ကာ သာယာဝပြောပါစေရန် ဆန္ဒပြုလိုက်ပါကြောင်း ဖော်ပြသည်။ (ကြေးမုံ)

နိုင်ငံတကာရေးရာနောက်ဆုံးသတင်းများ နိုင်ငံတကာရေးရာနောက်ဆုံးသတင်းများ

အမေရိကန်ရေတပ်နှင့် အီရန်ရေတပ်တို့ ပင်လယ်ကွေ့တွင် ထိပ်တိုက်တွေ့ခဲ့

အီရန်နှင့် ရေတပ်ချင်းထိပ်တိုက်ရင်ဆိုင်မှုတွင် ပါဝင်သော အမေရိကန်ဒုံးကျည်တင် ယူအက်စ်အက်စ် ပို့သ်ရွိုင်ရယ်စစ်သင်္ဘောကို ပင်လယ်ကွေ့ဒေသ၌ တွေ့ရစဉ်။

ဝါရှင်တန် ဇန်နဝါရီ ၈

ပင်လယ်ကွေ့ဒေသ ဟော်မုဇ်ရေလက်ကြားတွင် ယခု သီတင်းပတ်အကုန်က အမေရိကန်စစ်သင်္ဘော သုံးစင်းကို အီရန်စစ်သင်္ဘော ငါးစင်းက ရန်လိုသောအပြုအမူများဖြင့် လှုပ်ရှားခဲ့သည်ဟု အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်က ဇန်နဝါရီ ၇ ရက်တွင် ပြောကြားသည်။

ထိုအဖြစ်အပျက်သည် သာမန်အဖြစ်အပျက်မျိုးမဟုတ်၊ အရေးကြီးသော စိုးရိမ်ရသည့် အဖြစ်အပျက်မျိုးဖြစ်ကြောင်း၊ အီရန် စစ်သင်္ဘောများသည် ရန်လိုစွာ လှုပ်ရှားခဲ့ကြောင်း၊ ယင်းကိစ္စအတွက် အီရန်အနေဖြင့် ဖြေရှင်းချက်ပေးသင့်ကြောင်း အမေရိကန်စစ်ဌာနချုပ်က ပြောကြားသည်။

အီရန်တို့ဘက်ကမူ စနေနေ့က ဖြစ်ပွားသောကိစ္စသည် သာမန်ဖြစ်ရိုးဖြစ်စဉ်မျှသာဖြစ်ကြောင်း၊ ယခင်ကလည်း အလားတူကိစ္စရပ်မျိုးဖြစ်ပွားခဲ့ဖူးကြောင်း၊ မည်သို့မျှထူးခြားသောကိစ္စမဟုတ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်အလီဟိုစိန်နီက အိုင်အာရ်အင်အေ သတင်းဌာနသို့ ပြောကြားသည်။

နှစ်ဖက်ရေတပ်သင်္ဘောများသည် မိနစ် ၂၀ ကြာမျှ ထိပ်တိုက်ရင်ဆိုင်နေကြသည့် အနေအထားတွင်ရှိရာမှ တစ်ဖက်နှင့်တစ်ဖက်ပစ်ခတ်မှု တစ်စုံတစ်ရာမဖြစ်ဘဲ ရှောင်ရှားသွားကြောင်း သိရသည်။ အဆိုပါကိစ္စရပ်မျိုးမှာ အီရန်ရေတပ်နှင့် အမေရိကန်ရေတပ်အကြားတွင် မကြာခဏကြုံလေ့ရှိသော ပြဿနာမျိုးသာဖြစ်သည်။

နှစ်နိုင်ငံရေတပ်များ ထိပ်တိုက်ရင်ဆိုင်တိုးရသည့် ယခုဖြစ်ရပ်သည် နှစ်နိုင်ငံတင်းမာမှုပိုမိုလာသည့် နောက်ဆုံးအခြေအနေပင်ဖြစ်သည်။ အမေရိကန်နှင့် အီရန်နိုင်ငံတို့သည် နျူကလီးယားကိစ္စ၊ အီရတ်တွင်ဖြစ်ပေါ်နေသော လမ်းဘေးဗုံးဖောက်ခွဲမှုကိစ္စများနှင့် ပတ်သက်၍ နှစ်နိုင်ငံမပြေမလည်ဖြစ်လျက်ရှိသည်။

ထိပ်တိုက်ရင်ဆိုင်တိုးမှုတွင် ပါဝင်သော အမေရိကန်ရေတပ်စစ်သင်္ဘောသုံးစင်းမှာ ယူအက်စ်အက်စ်ပို့သ်ရွိုင်ရယ် ခရူဇာသင်္ဘော၊ ယူအက်စ်အက်စ်ဟောပါ ဖျက်သင်္ဘောနှင့် ယူအက်စ်အက်စ် အင်ဂရာဟာမ်ဖရီးဂိတ်သင်္ဘောများဖြစ်ကြောင်း ပင်လယ်ကွေ့ဒေသ အမေရိကန်အမှတ် (၅) ရေတပ်၏ အကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီး ကီဖင်ဂျေ၊ ကော့စ်ဂရဖ်က ပြောကြားသည်။

အင်တာနက်

အမေရိကန် အက်ဖ်-အေ ၁၈တိုက်လေယာဉ်နှစ်စင်း စစ်ရေးတာဝန်ထမ်းဆောင်စဉ် ပင်လယ်ကွေ့ဒေသတွင် ပျက်ကျ

မာနာမား ဇန်နဝါရီ ၈

အမေရိကန် အမှတ် (၅)ရေတပ်ဖွဲ့မှ အက်ဖ်-အေ ၁၈ တိုက်လေယာဉ်နှစ်စင်းသည် စစ်ဆင်ရေး တာဝန်ထမ်းဆောင်နေစဉ် တနင်္လာနေ့က ပင်လယ်ကွေ့ဒေသ၌ ပျက်ကျခဲ့ကြောင်း၊ သို့သော် လေယာဉ်အဖွဲ့သားများ အသေအပျောက်မရှိကြောင်း စစ်ဘက်ရပ်ကွက်မှလာသောသတင်း၌ ဖော်ပြသည်။

ယခုအခါ ထိုလေယာဉ်အဖွဲ့သားသုံးဦးမှာ မိခင်လေယာဉ်တင်သင်္ဘော ယူအက်စ်အက်စ် ဟယ်ရီအက်စ်ထရူးမင်းပေါ်သို့ ပြန်လည်ရောက်ရှိပြီဖြစ်သည်။ လေယာဉ်များ ဘာကြောင့်ပျက်ကျရသည်ဆိုသောကိစ္စကိုသိရှိရန် စုံစမ်းနေဆဲဖြစ်သည်။

ပင်လယ်ကွေ့ဒေသ ရေပြင်လုံခြုံရေးအတွက် ပုံမှန်တာဝန်ထမ်းဆောင်သည့်အနေဖြင့် လေယာဉ်တင်သင်္ဘော ဟယ်ရီထရူးမင်းသည် ဘာရိန်းနိုင်ငံတွင် အခြေစိုက်ထားသည့် အမှတ်(၅) ရေတပ်ဖွဲ့တွင်ပါဝင်သော သင်္ဘောတစ်စင်း ဖြစ်သည်။

အင်တာနက်။

ပါကစ္စတန်နယ်မြေပေါ်တွင် မည်သည့်ပြည်ပတပ်ဖွဲ့ဝင်များကိုမျှ ဝင်ရောက်ခွင့်ပြုမည်မဟုတ်ဟု ပါကစ္စတန်အစိုးရ ပြောကြား

အစ္စလမ္မာဘတ် ဇန်နဝါရီ ၈

ပါကစ္စတန်က ယင်း၏နယ်မြေပိုင်နက်တွင် စစ်ဘက်ဆိုင်ရာ လှုပ်ရှားမှုများပြုလုပ်ရန်အတွက် မည်သည့်နိုင်ငံခြားတပ်ဖွဲ့များကိုမျှ ခွင့်ပြုမည်မဟုတ်ကြောင်း ပါကစ္စတန်တာဝန်ရှိ ပုဂ္ဂိုလ်များက တနင်္လာနေ့တွင် ပြောကြားပြီး အမေရိကန်က ယင်း၏ တပ်ဖွဲ့ဝင်များကို ပါကစ္စတန်တွင် ဝင်ရောက်လှုပ်ရှားရေးအတွက် အခွင့်အာဏာပေးရန် စဉ်းစားနေသည့် သတင်းများကို ပယ်ချလိုက်သည်။

ပါကစ္စတန်က အကြမ်းဖက်တိုက်ခိုက်မှုအပေါ် ဆန့်ကျင်တိုက်ဖျက်သည့်လုပ်ရပ်သည် လွန်စွာရှင်းလင်းပြတ်သားကြောင်း၊ ပါကစ္စတန်နိုင်ငံ၏ နယ်မြေပိုင်နက်၌ စစ်ရေးအရ လှုပ်ရှားရာတွင် ပါကစ္စတန်စစ်ဘက်တပ်ဖွဲ့ဝင်များနှင့် ပါကစ္စတန်လုံခြုံရေးဌာနများကသာ ပြုလုပ်မည်ဖြစ်ကြောင်း နိုင်ငံခြားဌာနမှ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်ဆာဒစ်ကပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉-၁-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၅။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၀၀	၆။	အတီးပြိုင်ပွဲ
၈း၁၅	၇။	ဆွာချောင်းရေလှောင်တမံ
၈း၃၀	၈။	International News.
၈း၄၅	၉။	Let's Go.
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ဓာတုဗေဒအထူးပြု)(ဓာတုဗေဒ)
၄း၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅း၀၀	၅။	မြန်မာစာ၊မြန်မာစကား
၅း၁၅	၆။	သီချင်းကြီးပဒေသာ
၅း၂၅	၇။	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅း၃၅	၈။	ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
၆း၀၀	၉။	ညနေခင်းသတင်း
၆း၃၀	၁၀။	မိုးလေဝသအခြေအနေ
၆း၃၅	၁၁။	မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၇း၀၀	၁၂။	**"တစ်သက်စာ" (ထွန်းထွန်း Examplez၊ သဇင်) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)**
၇း၂၅	၁၃။	ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၇း၅၀	၁၄။	ကြေးမုံရိပ်သွင်တေးနှုယဉ်
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	Franz Hararay's Magic Planet
	၁၉။	**မြန်မာဗီဒီယိုဇာတ်လမ်း "မာန်" (နိုင်းနိုင်း၊မေသန်းနု၊စိုးမြတ်နန္ဒာ၊ ဒါရိုက်တာ-မောင်မောင်ဦး-စနိုးပွိုက်)**
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

လွင်မိုးခရီးသွားနေသည့်“မြိတ်ကျွန်းစုများဆီသို့အပိုင်းစဉ်များ”အတွက် Royal Myanmar Teamix သဘောတူစာချုပ် ချုပ်ဆို

ရန်ကုန် ဇန်နဝါရီ ၈

လွင်မိုးခရီးသွားနေသည့် “မြိတ်ကျွန်းစုများဆီသို့ အပိုင်းစဉ်များ” အတွက် Royal Myanmar Teamix မှ ပံ့ပိုးကူညီခြင်း သဘောတူစာချုပ် ချုပ်ဆိုပွဲကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် မေတ္တာရိပ်မွန်အိမ်ရာ အမှတ်(၁၁–အေ)ရှိ Myanmar Distribution Group Company Limitedအစည်းအဝေးခန်းမ၌ ကျင်းပရာ MDG Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်မော်သိန်း၊ ရုပ်ရှင်သရုပ်ဆောင် လွင်မိုး၊ MDG Co., Ltd. မှ ဝန်ထမ်းများနှင့် စာနယ်ဇင်းများမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ MDG Co., Ltd. မှ Sale & Marketing Consultant ဦးမင်းတလညာဏ်က သဘောတူစာချုပ်ချုပ်ဆိုပွဲ ကျင်းပရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး MDG Co., Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးအောင်မော်သိန်းနှင့် ရုပ်ရှင်သရုပ်ဆောင် လွင်မိုးတို့က သဘောတူစာချုပ်၌ လက်မှတ်ရေးထိုး၍အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် MDG Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်မော်သိန်းနှင့် သရုပ်ဆောင်လွင်မိုးတို့က “မြိတ်ကျွန်းစုများဆီသို့ အပိုင်းစဉ်များ”နှင့် စပ်လျဉ်း၍အသီးသီးရှင်းလင်းပြောကြားကြသည်။

အဆိုပါ “မြိတ်ကျွန်းစုများဆီသို့ အပိုင်းစဉ်များ”တွင် အဖွဲ့ဝင် ၂၄ ဦးခန့် ပါဝင်မည်ဖြစ်ပြီး ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မြိတ်မြို့သို့ ထွက်ခွာကာ မြိတ်ကျွန်းစုများသို့ လှည့်လည်သွားကြမည်ဖြစ်ရာ တစ်လခန့် ကြာမြင့်မည်ဖြစ်သည်။

Royal Myanmar Teamix ကို ၂၀၀၁ ခုနှစ် ဇွန်လမှစတင်၍ မြန်မာနိုင်ငံမှ ထွက်ရှိသော အရည်အသွေးကောင်း လက်ဖက်ခြောက်စစ်စစ်များကို သေချာစွာ စိစစ်ရွေးချယ်၍ အဆင့်မြင့်နည်းပညာများ အသုံးပြုကာ အရသာကောင်းမွန်ပြီး ကျန်းမာရေးနှင့် ညီညွတ်မှုရှိအောင် ထုတ်လုပ်ဖြန့်ချိထားခြင်းဖြစ်သည်။

MDG Co., Ltd. မှ ထုတ်လုပ်ဖြန့်ချိလျက်ရှိသော Royal Myanmar Teamixသည် လက်ဖက်ရည်ကောင်းကြိုက်နှစ်သက်သူများ၏ ရွေးချယ်သောက်သုံးခြင်းကိုခံရပြီး ပြည်ပရောက် မြန်မာလူမျိုးများသာမက နိုင်ငံခြားသားများပါ အထူးရွေးချယ်အားပေး သောက်သုံးလျက်ရှိသော မြန်မာ့ဂုဏ်ဆောင် Teamix ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

MDG Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်မော်သိန်းနှင့် ရုပ်ရှင် သရုပ်ဆောင် လွင်မိုးတို့ လွင်မိုး ခရီးသွားနေသည့် “မြိတ်ကျွန်းစုများဆီသို့ အပိုင်းစဉ်များ” အတွက် Royal Myanmar Teamix မှ ပံ့ပိုးကူညီခြင်း သဘောတူစာချုပ်၌ လက်မှတ်ရေးထိုး၍ အပြန်အလှန် လဲလှယ်ကြစဉ်။

(သတင်းစဉ်)

သဲဖြူတောရ ဓမ္မရိပ်သာတရားစခန်း

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သဲဖြူကျေးရွာရှိ သဲဖြူတောရ ဓမ္မရိပ်သာတွင် ဇန်နဝါရီ ၁၁ ရက်မှ ၂၁ ရက်အထိ တရားစခန်းကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ ဖုန်း– ၆၆၇၇၁၆၊ ၆၆၂၈၃၆၊ ၆၆၆၁၆၃ တို့သို့ ဆက်သွယ်စာရင်းပေးသွင်း၍ စုရပ်ဖြစ်သည့် အရှေ့ကြို့ကုန်း စွန်းလွန်းဂူကျောင်းတိုက်သို့ ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ၁နာရီခွဲအရောက် လာရောက်ကြရန် နိုးဆော်ထားသည်။

(က–ပ)

မြစ်ကြီးနားမြို့ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက်အတွင်း တည်ဆောက်ဆဲကျောင်းဆောင်သစ်အတွက် ရန်ကုန်မြို့နေ ခိုင်ဇာတင်ရှိန်၊ သန္တာတင်ရှိန် ညီအစ်မနှစ်ဦး၏ မွေးနေ့အထိမ်းအမှတ် အလှူငွေကျပ်သိန်း ၂၀ကို အလှူရှင်များကိုယ်စား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်ကြီးကျော်မိုးနိုင်မိသားစုက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော် ဘဒ္ဒန္တ သီလဝံသထံ ဆက်ကပ်လှူဒါန်းစဉ်။(က–ပ)

ကမာရွတ်မြို့နယ် အမှတ်(၈) အခြေခံပညာ မူလတန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ကွန်ပျူတာ လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၁ ရက်က ကျင်းပရာ တတိယတန်းတွင် ပထမဆုရရှိသော မောင်အောင်မြတ်သူအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေဖုန်း ဆုချီးမြှင့်စဉ်။

(ပညာရေး)

ငါးသိုင်းချောင်း အထက အာစရိယပူဇော်၊ စာဆိုတော်နေ့ဂုဏ်ပြုစာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

၁၃၆၉ ခုနှစ် (၁၃)ကြိမ်မြောက် ငါးသိုင်းချောင်းအထက အာစရိယပူဇော်ပွဲနှင့် စာဆိုတော်နေ့ ဂုဏ်ပြုစာပေဟောပြောပွဲကို ဒီဇင်ဘာ ၂၂ရက်ညက ငါးသိုင်းချောင်းမြို့ အမျိုးသားခန်းမ၌ ကျင်းပရာ စာရေးဆရာများဖြစ်ကြသော သိန်းဇော်(ရွှေလီဦး)၊ မြေလတ် မင်းလွင်၊ သုမောင်၊ နွမ်ဂျာသိုင်းနှင့် မိချမ်းဝေ **(အောက်ဝဲပုံ)** တို့က စာပေရေးရာများ ဟောပြောကြသည်။

(က–ပ)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲများမှ ဆုရသူများအား ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် တည်းကုန်းရပ်ကွက် တည်းကုန်း ကုန်စိမ်းဈေးကြီးတွင် ဈေးသာယာရေးအဖွဲ့ကကြီးမှူး၍နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နှင့် ဈေးကြီးလျှပ်စစ်မီးရရှိသည့် အထိမ်းအမှတ်ပျော်ပွဲ၊ရွှင်ပွဲအားကစားပြိုင်ပွဲများမှ ဆုရရှိသူများအား ဆုပေးပွဲကို ဇန်နဝါရီ ၅ ရက်က ဈေးဝင်းအတွင်း၌ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်မြောက်ပိုင်းခရိုင် ဈေးများဌာန ဌာနစုမှူး ဦးသန်းထိုက်အောင်၊ အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဒါရိုက်တာဘုန်းဝေနှင့် အမှုဆောင်များ၊ တည်းကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ အသင်းအဖွဲ့များနှင့် ဈေးသူ၊ ဈေးသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဈေးသာယာရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်မြင့်သောင်းက မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ကဗျာစာအုပ်ထုတ်ရန်အတွက် အလှူငွေကျပ် ၁၀၀၀၀ ကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးသန်းစိုး (မြလွမ်းနောင်–ပုတီးကုန်း)အား လှူဒါန်းသည်။

ထို့နောက် ပြိုင်ပွဲအသီးသီးတို့မှ အောင်ပွဲရ အားကစားအဖွဲ့များအား ဆုများချီးမြှင့်သည်။ (၃၂၃)

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၉/၁၀) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၆ ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်ကျော်လွင်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် အလှူရှင် ဦးမောင်မောင်လှတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(က–ပ)

ဇန်နဝါရီ ၃ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁၈) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၇–၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှစတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမစံပြဆုရ မလွင်ယမုံဖြိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြ ဆုချီးမြှင့်စဉ်။

(ပညာရေး)

ရန်ကုန်တိုင်း၏ အသားတင်အမြတ်ဝင်ငွေ လျာထားချက် ပြည့်မီရေး ဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၈

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်က ရန်ကုန်တိုင်း၏ ၂၀၀၇ ခုနှစ် မိုးရာသီသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများ ပြန်လည်ကောက်ခံခြင်းနှင့် ၂၀၀၇– ၂၀၀၈ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်း၏ အသားတင် အမြတ်ဝင်ငွေ လျာထားချက် ပြည့်မီရေးတို့အတွက် ဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉နာရီတွင် ရန်ကုန်တိုင်း သန်လျင်ဘဏ်ခွဲ အဆောက်အအုံ၌ ကျင်းပရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်း**(ယာပုံ)**က ၂၀၀၇ခုနှစ် မိုးရာသီသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများကို သတ်မှတ်ရက်အတွင်း ပြေကျေစွာ ကောက်ခံရရှိရေးနှင့် ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်းအနေဖြင့် ယခင်နှစ်များကကဲ့သို့ အသားတင် အမြတ်ဝင်ငွေ လျာထားချက်ကို ပြည့်မီကျော်လွန်အောင် မြို့နယ်ဘဏ်ခွဲအလိုက် တာဝန်ရှိသူအားလုံးက ကြိုးပမ်းဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးမှာကြားပြီး တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းရှင်းလင်းဆောင်ရွက်ပေးသည်။

ရန်ကုန်တိုင်းအနေဖြင့် ပြည်နယ်နှင့်တိုင်းများအားလုံးတွင် ယမန်နှစ်က အသားတင် အမြတ်ဝင်ငွေ ကျပ် ၄၁၃ သန်းကျော်ဖြင့် ပထမရရှိခဲ့သော တိုင်းတစ်တိုင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထူးကြည်ညိုဝမ်းမြောက်ဂုဏ်ပြုပူဇော်ခြင်း

ဆင်းရဲနွမ်းပါးသူများ၊ အမိမဲ့အဖမဲ့ တိုင်းရင်းသားလေးများအတွက် ဘဝကိုတံတားခင်းပေးပြီး လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနေသော **ဆရာတော်ဘဒ္ဒန္တ ဓေတိက** (မွန်ပြည်နယ်၊ ကျိုက်ထိုမြို့ ဆိပ်ဖူးတောင်တောရကျောင်းတိုက် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း) အား နိုင်ငံတော်မှ **အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်း လှူဒါန်းခြင်းခံရသည့်အတွက် အထူး ကြည်ညိုဝမ်းမြောက်ဂုဏ်ပြုပူဇော်ပါသည်ဘုရား......။

ဦးစိန်မြင့်-ဒေါ်အေးအေးချစ်မိသားစု၊ မော်လမြိုင်မြို့

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ ဖြင့် **သီတဂူ ဒေါက်တာစိုးမြင့်** (မြိုင်ဆေးကုခန်း)အား **"သုစမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ် ချီးမြှင့်ခြင်း ခံရသည့်အတွက် နိုင်ငံအကျိုး၊ သာသနာတော်အကျိုး ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

ညီမ - ဦးမောင်မောင်ဦး(UNIQUE ENTERPRISE) - ဒေါ်ယဉ်ယဉ်မွန် (T.T.C)
တူမများ -မခင်မြတ်နိုးဦး၊ မခိုင်ဝတ်ရည်ဦး (T.T.C)၊ မအိသီရိသက်ဝေဦး (T.T.C)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၀၈ ဖြင့် မြန်မာပြည်သားဟော့ KN ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ **သီဟသုဓမ္မမဏိဇောတဓရ ဦးတင်ဝင်း** အား သာသနာတော်ဆိုင်ရာ **သီရိသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ် ထပ်မံချီးမြှင့်ခံရခြင်းအတွက် ဝမ်းမြောက်ဝမ်းသာ အထူးဂုဏ်ယူမိပါကြောင်းနှင့် ဆက်လက်၍ နိုင်ငံ့အကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း အထူးဂုဏ်ပြု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

- ပဲခူးတိုင်း သဲကုန်းမြို့နယ်မှ သစ်ချိုသရက်ပင် ရွှေကျောင်းကြီး ဆရာတော် အမှူးပြုသော ဓမ္မမိတ်ဆွေများ၊ မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ် ကျွဲဆင်းကျေးရွာမှ ရွာဦးကျောင်း ဆရာတော် အမှူးပြုသော ရွာသူ၊ ရွာသားများ၊ မြန်မာပြည်သားဟော့ KN Fisheries Enterprise နှင့် Ko Ta Ngar Co., Ltd. မှ စက်ရုံဝန်ထမ်းများ၊ စိုက်ပျိုးရေးဝန်ထမ်းများနှင့် မွေးမြူရေးဝန်ထမ်းများ

လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်မှ **တိပိဋကဓမ္မရက္ခိတအဖွဲ့၊ အကျိုးတော်ဆောင်အတွင်းရေးမှူး သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးဟန်လင်း** အား **"အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ် ထိုက်ထိုက်တန်တန်ချီးမြှင့်ခြင်းခံရသည့် အတွက် နိုင်ငံအကျိုး၊ မြတ်ဗုဒ္ဓ၏ သာသနာတော်အကျိုး ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်းနှင့် ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းများတောင်းလျက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

တိပိဋကဓမ္မရက္ခိတအဖွဲ့ ဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးစိန်တင့်နှင့် အကျိုးတော်ဆောင်များ

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၀၈ ဖြင့် **"သုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသော Woodland Group of Companies ဥက္ကဋ္ဌ **ဦးဝင်းအောင်** အတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဆက်လက်၍ နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုး ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ပါစေကြောင်း ကြည်နူးစွာ အထူးဂုဏ်ပြု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ
အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်)

(TRI) ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ တောင်းပန်ခြင်း

ဦးမင်းရဲကျော်သူ[၁၂/ဥကမ(နိုင်)၀၁၅၄၉၀]မှ မှတ်ပုံတင်သွင်း၍ သုံးစွဲလျက်ရှိသော (TRI) အမည်ရှိ ကုန်အမှတ်တံဆိပ်နှင့် အမည်ဆင်တူဖြစ်သည့် တံဆိပ်တပ်ဆင်ထားသော ဦးထုပ်များအား ကျွန်တော် ဦးလှသန်း၏ဆိုင်၌ ထားရှိရောင်းချခဲ့မှုအတွက် ဦးမင်းရဲကျော်သူအား ကျွန်တော်ဦးလှသန်းမှ တောင်းပန်အပ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးလှသန်း
[၁၂/လသန(နိုင်)၀၁၄၃၂၃]
အမှတ်-၉၊ သုခလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

ဈေးနှုန်းသက်သာစွာဖြင့် ခြံနှင့်အိမ်ရောင်းမည်

ရန်ကုန်မြို့အတွင်း လူနေများပြားရာမှ ဘုရားရိပ်၊ တရားရိပ်၊ သစ်ရိပ်၊ ဝါးရိပ်ခိုလိုသူများအတွက် သန်လျင်-ကျောက်တန်းလမ်းမပေါ်ရှိ ရေမီးအစုံ ပေ ၈၀ X ၁၂၀ ကျယ် ခြံနှင့် နှစ်ထပ်အိမ်တစ်လုံး ပေ ၈၀ X ၁၂၀ ကျယ် ခြံနှင့် နှစ်ထပ်တိုက်ငယ်တစ်လုံးတို့ကို ရောင်းမည်။

စုံစမ်းရန်
ဖုန်း-၀၁-၅၃၅၃၈၆
(၉း၀၀ နာရီမှ ၅း၀၀ နာရီရုံးချိန်အတွင်း)

ဆရာကြီးအရှယ်ဆရာအောင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်) (ဝါတွင်းဝါပတနလာနေ့တိုင်းပိတ်သည်)

မော်လမြိုင်(ခေါင်းဆေးကျွန်း) ပဲခူး(ဒေးစွန်းပါ)၊ သန်လျင်(ကျောက်တန်း)ဘုရားတည်၊ စာမေးပွဲ၊ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့်ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်းအမည် ရွေးချယ်ခြင်း၊ ထူးချွန်အောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊ သင်္ဘောသားများ၊ လိုင်းကောင်း၊ လစာကောင်းပြီးအမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီးများ လိမ္မာယဉ်ကျေးပြီး၊ မိဘစိတ်တိုင်းကျဖြစ်စေရန်ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စအထူးဆောင်ရွက်သည်။ (မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ထို့နှင့် ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

အမှတ် (၃၀၂) ၊ မြေညီထပ်၊ ရွှေဘုံသာအလယ်လမ်း၊ ရန်ကုန်။ ၃၈၅၅၄၅၊ ၀၉-၅၁၁၂၁၄၆၊ နံနက်(၈း၀၀)နာရီမှ၊ ညနေ(၃း၀၀)နာရီ၊ တနင်္ဂနွေနေ့-နံနက်(၇း၀၀)နာရီမှ (၁၂း၀၀) ၀၉-၈၉-၂၅၃၄၆ (၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်၊ သန်လျင်၊ ညနေ(၄)နာရီနောက်ပိုင်း။ ၀၅၆-၂၁၆၀၉

သင် . .တောင်ကိုရီးယားကို

အလုပ်သွားလုပ်ချင်ပါသလား . .

တောင်ကိုရီးယားအလုပ်သမားဝန်ကြီးဌာနနှင့်
နိုင်ငံတကာ ကိုရီးယားဘာသာစကားဖောင်ဒေးရှင်းတို့မှ စစ်ဆေးမည့်

KLT (Korea Language Test) ကိုရီးယားဘာသာစာမေးပွဲ

လမ်းညွှန်အထူးထုတ်စာအုပ် ထွက်ပြီ

ဤစာအုပ်ဖြင့် သင်ကိုယ်တိုင် လေ့ကျင့်နိုင်ပါသည်။

ဖြန့်ချိရေး (၁) ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ Super Markets နှင့်
Today Top Star ကိုရီးယားဘာသာသင်တန်းကျောင်း
တတိယထပ်၊ ပြည်မြန်မာကုန်တိုက်၊ကမာရွတ် တို့တွင် ဝယ်ယူရရှိနိုင်ပါသည်၊
ဖုန်း - ၅၀၀၅၄၄၊ ၅၀၀၅၄၈၊ ၅၃၄၄၂၁
(၂) **Mandalay** ထွန်းဦးစာပေ၊ နဂါးစာပေ၊ ကျော်စိုးလင်းစာပေ
☎- ၀၉၄၁၀၉LAUREL Fitness Cernter၊ တတိယထပ်၊ရတနာပုံဈေး

Central Link Language Training Center

ဒါမြဲတမ်း 'လန်း' ချင်တယ်ဆို ... (Learn)

'လန်း' ရင် 'လန်း' မ'လန်း'ရင် ကျန်ခဲ့မှာနော်

Central Link ဆိုတာ သင် 'လန်း'ဖို့၊ သင် 'လန်း'ဖို့ဆိုရင် Central Link
ဘယ်နိုင်ငံကို၊ ဘာနဲ့သွားမှာလဲ? ဘာတွေလုပ်ပြီး၊ ဘယ်လိုပြောမှာလဲ?
ဘယ်လိုပြောရမှန်း မသိရင်တော့၊ ဘယ်လိုပြောရမယ်ဆိုတာ သင်ပေးမယ်။
လုပ်ငန်းခွင်သုံး စကားပြော 'အထူးလေ့ကျင့်' သင်တန်းများ
စကားပြောပဲသင်သင်၊ အရေးအဖတ်ပဲလိုလို၊ ဘာသာပြန်ပဲလုပ်လုပ်၊
ပြောတတ်ရမယ်၊ ပြောရဲရမယ်၊ အခြေခံပိုင်ရမယ်၊ အသံထွက်မှန်ရမယ်။

အင်္ဂလိပ် | တရုတ် | ဂျပန် | ကိုရီးယား | မလေးရှား

'လန်း' ချင်တယ်ဆိုရင် လာခဲ့နော် *"We are Sharing to knowledge"*

၁၀၆၊ ဦးချစ်မောင်လမ်း။ ရန်ကင်းစင်တာအနီး၊ ဌတ္တလစ်ဈေးကွေ့နှင့် မင်းလမ်းမှတ်တိုင်ကြား။
Ph: 555903, 09-5042805, 09-5178007, 09-5188987

Join our New **GCE 'O'** *Classes Today!*

TOTAL Learning Academy

- English
- Chemistry
- Mathematics -A
- Biology
- Mathematics -B
- Human Biology
- Physics
- Accounting

Contact us today for a free consultation!



Kamayut
280 U Wisara Road
☎ : 524599 / 501976

Pazundaung
95 Anawrahta Rd. (Corner of 52nd St.)
☎ : 296552 / 293754

Sanchaung
336 Pyay Road
☎ : 526456

Bahan
F-7 1st Floor Pearl Condo
☎ : 545957 / 557448 (849)

☆ Scientific Learning ☆ Pre-School ☆ WISE (Weekend classes) ☆ IELTS Classes ☆ SEED (Mon-Fri Afternoon classes)

မီးကြွင်းမီးကျန်မရှိရန် ကျင့်ကြံသတိ အမြဲရှိ

အထူးဝမ်းမြောက် ကြည်ညိုလေးစားပူဇော်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ဖြင့် (လွတ်လပ်ရေးနေ့)တွင် ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက် တိပိဋကာလင်္ကာရပရိယတ္တိစာသင်တိုက်၏ ပဓာနနာယကဆရာတော် **"ဘဒ္ဒန္တ အဂ္ဂသာမိ** (ဒွိပိဋကဓရ၊မဟာဂန္ထဝါစကပဏ္ဍိတ)"အား **"အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ"**ဘွဲ့တံဆိပ်တော်နှင့် နေပြည်တော်လယ်ဝေး အေလာမြို့နယ် သရက်တော ပရိယတ္တိစာသင်တိုက်၏ ပဓာနနာယက ဆရာတော် **"ဘဒ္ဒန္တ ကုမာရ"** (ဝိဓုငါးဘွဲ့ရနှင့်ဓမ္မာစရိယ)အား **"မဟာဂန္ထဝါစကပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်တို့ကို နိုင်ငံတော်မှ အသီးသီး ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးဝမ်းမြောက်ကြည်ညို၍ မြတ်ဗုဒ္ဓ၏သာသနာတော်အား အစဉ်ထွန်းလင်းတောက်ပ၍ စည်ပင်ပြန့်ပွားအောင် ဆောင်ရွက်နိုင်ကြပါစေရန် ဆုမွန်ကောင်းများဖြင့် လေးစားစွာ ပူဇော်ပါသည် ဘုရား။

ဦးအေးလွင်-ဒေါ်အေးအေးဝေ
"အေးရတနာ"ရတနာရောင်းဝယ်ရေးနှင့်
(A.A)ရွှေပန်းထိမ်လုပ်ငန်းမိသားစု

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာ
အမှတ် (၂/၂၀၀၈) ဖြင့် ၂၀၀၈ ခုနှစ် နှစ် (၆၀) ပြည့်
လွတ်လပ်ရေးနေ့တွင် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်

ဒုတိယ ဥက္ကဋ္ဌ - ဦးမြသိန်း ကို

" လူမှုထူးချွန် ပထမဆင့် " ချီးမြှင့်သည့်အတွက်
လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံ အကျိုး
သာသနာအကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အောင်မော်သိန်း + မိုးမြတ်ဝင်း
အောင်ဇင်မိုး

အထက(ပျော်ဘွယ်)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲနှိုးဆော်လွှာ

အထက(ပျော်ဘွယ်)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကို ၁၂-၂-၂၀၀၈နေ့ မွန်းလွဲ ၂ နာရီတွင် အထက(၁)ပျော်ဘွယ်၊ ကျောင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ အနေဖြင့် အောက်ပါလိပ်စာများသို့ ၁၀-၂-၂၀၀၈ နေ့နောက်ဆုံး ထား၍ ဆက်သွယ်လှူဒါန်းနိုင်ပါရန် လေးစားစွာဖြင့်နှိုးဆော်အပ်ပါ သည်။

ရန်ကုန်-ဦးခင်မောင်ဝင်း ဖုန်း - ၀၉ - ၅၀၀ - ၆၅၆၉၊ ဦးခင်မောင်ထွေး ဖုန်း-၀၉-၅၁၂-၄၃၁၂၊ ဦးလှိုင်ဝင်းဌေး ဖုန်း-၅၁၃၈၉၅၊ ဦးအေးဖေ ဖုန်း-၆၄၂၁၈၅၊ **နေပြည်တော်ပျဉ်းမနား**-ဦးညွန့်ဝင်းအောင် ဖုန်း-၀၆၇-၂၂၀၇၁၊ ပျော်ဘွယ်-ဦးခင်ဇော် ဖုန်း-၀၆၄-၄၉၁၇၁၊ ဦးတင်ဦး ဖုန်း-၀၆၄-၄၉၄၉၆၊ ဦးမြင့်မောင် ဖုန်း-၀၆၄-၄၉၄၈၆၊ ဦးကျော်စိုး ဖုန်း-၀၆၄-၄၉၂၂၄၊ ဦးသောင်းစိန် ဖုန်း-၀၆၄-၄၉၀၂၈၊ ဦးဝင်းအောင်ကြွယ် ဖုန်း-၀၆၄-၄၉၂၃၄၊ ဦးအောင်ဌေးလွင် ဖုန်း-၀၆၄-၄၉၄၅၀၊ ဦးအောင်ကျော်ဦး ဖုန်း-၀၆၄-၄၉၂၇၅

ဦးအောင်အောင်

B.A Econ; MPA ; D.A (UK);Dip in Stats; DMAc

L.C.C.I Level I+II;III & Business Statistics
(ဇန်နဝါရီ ၁၀ရက်၊ ၁၁ရက်၊ ၁၂ရက်) နေ့စမည်။

အမှတ် (၃၇၈)၊ ဒုတိယထပ် (ဘယ်)၊ မဟာဗန္ဓုလလမ်း၊
၃၇နှင့်၃၈ကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၀ ၃၀၀၂၊ ၀၁- ၃၉၁၀၃၀

(၂၃-၁၂-၂၀၀၇)နေ့ထုတ် ကြေးမုံသတင်းစာပါ အထက်တန်းရှေ့နေ ဦးမျိုးရွှေ၏ ကန့်ကွက်ချက်အပေါ် အများသိစေရန် ပြန်လည်ဖြေရှင်းကြော်ငြာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေသန့်စင် [၁၂/ရကန(နိုင်)၀၇၅၆၂၀]၏ မိခင်ဖြစ်သော ဒေါက်တာမေသက်မာလာသည် ၎င်းပိုင်ငွေကြေးဖြင့် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ရွှေသံလွင်ကွန်ဒိုအိမ်ရာ တိုက်အမှတ်-A၊ အခန်းအမှတ်-၇၀၃ဟု ခေါ်တွင်သော တိုက်ခန်းအား ၎င်း၏အမည်ဖြင့်ပင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးနောက် အဆိုပါ တိုက်ခန်းအား ဒေါ်မျိုးမျိုးခိုင်ထံသို့တရားဝင် လွှဲပြောင်းရောင်းချခဲ့ပြီးဖြစ်ပါသည်။

၎င်းဒေါ်မေသန့်စင်၏ ဖခင်ဦးသန့်စင်[၁၂/ဒဂန(နိုင်)၀၀၂၉၁၅]သည် နိုင်ငံခြားသို့ သွားရောက်၍ အလုပ်လုပ်ကိုင်လျှက်ရှိသူဖြစ်သောကြောင့် ၎င်းနှင့် ပတ်သက်သည့်ကိစ္စအဝဝကို ဆောင်ရွက်ရန်အတွက် ၎င်း၏ ဇနီး ဒေါက်တာမေသက်မာလာထံသို့ မှတ်ပုံတင် အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်-၅၆၉၂/၀၄ဖြင့် လွှဲအပ်ထားသည့်အပြင် ဒေါက်တာမေသက်မာလာသည် ၎င်း၏ ခင်ပွန်းဦးသန့်စင်နှင့် ပတ်သက်သည့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများအား အကျိုးခံစားခွင့်ရှိသူတစ်ဦးတည်းသော ဇနီးဖြစ်ပါသည်။

အထက်တန်းရှေ့နေ ဦးမျိုးရွှေမှ ဦးသန့်စင်၏ ညွှန်ကြားချက်အရဟုဆိုကာ အထက်ပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ကြောင်း ကြေးမုံသတင်းစာ၌ကြော်ငြာခဲ့သည့်အချိန်က ဦးသန့်စင်သည် နိုင်ငံခြား၌ တာဝန်ထမ်းဆောင်နေချိန်ဖြစ်သည့်အပြင် ဦးသန့်စင်သည် အဆိုပါတိုက်ခန်း ကိစ္စနှင့် ပတ်သက်၍ ဒေါက်တာမေသက်မာလာမှတစ်ပါး မည်သူတစ်ဦး တစ်ယောက်ကိုမျှ တရားဝင်ကိုယ်စားလှယ် လွှဲအပ်ထားခြင်းမရှိပါ။

ထို့ကြောင့် အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ဟန့်တားနှောင့်ယှက်ရန် ရည်ရွယ်ချက်ဖြင့် ကြော်ငြာသည့် အထက်တန်းရှေ့နေ ဦးမျိုးရွှေ၏ ကြော်ငြာချက်သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေသန့်စင်၏ မိခင် ဖခင်တို့၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည့်တွက် အဆိုပါ ကြော်ငြာချက်အား အမြန်ဆုံးပြန်လည် ရုပ်သိမ်းပေးပါရန် ကြော်ငြာအပ်ပါသည်။

ဒေါ်မေသန့်စင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စောဦး(တရားရုံးချုပ်ရှေ့နေ)
လိုင်စင်အမှတ်-၆၇၀၂

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ပြည်နယ်နှင့်တိုင်းများရှိ သစ်တောကြိုးဝိုင်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တောင်ကုတ်မြို့ မြန်မာ့သစ်လုပ်ငန်း သံတွဲသစ်ထုတ်ရေးဒေသ မှတ်သစ်ဆိပ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တောရေးရာ)

ရန်ကုန် ဇန်နဝါရီ ၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇန်နဝါရီ ၅ ရက်တွင် တောင်တွင်းကြီးမြို့နယ် ကင်မွန်းတောင်ကြိုးဝိုင်း အတွင်းရှိ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးစီမံကိန်း ၂၀၀၄ခုနှစ် သီးခြားကျွန်းစိုက်ခင်းဧက ၃၀၀၊ ၂၀၀၅ ခုနှစ် သီးခြားကျွန်းစိုက်ခင်းဧက ၈၀၀ နှင့် ၂၀၀၇ ခုနှစ် သစ်မာမျိုးစုံ(ယင်းမာ) စိုက်ခင်းဧက ၅၀ တို့သို့ရောက်ရှိပြီး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြည်ဖောင်ဖွဲ့ရေးဒေသ ရှင်းလင်းဆောင်သို့ရောက်ရှိရာ ပဲခူးတိုင်း (အနောက်ပိုင်း) အတွင်းရှိ မြို့နယ်သစ်တောဦးစီးဌာနအရာရှိများနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးကြည်စိုးတို့က ကြိုးဝိုင်းများ ထိန်းသိမ်းထားရှိမှုနှင့် စိုက်ခင်းများ စိုက်ပျိုးအောင်မြင်နေမှုတို့ကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၆ ရက်တွင် ပန်းတောင်းမြို့နယ် သူရဲတန်းကြိုးဝိုင်းအတွင်းရှိ ၂၀၀၄ ခုနှစ် ကျွန်းအထူးစိုက်ခင်းဧက ၅၀၀ ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ဝန်ကြီးနှင့် တာဝန်ရှိသူများသည် တောင်ကုတ်မြို့ ရန်ခေါ်ကြိုးဝိုင်းရှိ ၁၉၇၄ ခုနှစ် ကျွန်းစိုက်ခင်း ၃၃ဧကကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဝန်ကြီးနှင့်တာဝန်ရှိသူများသည်တောင်ကုတ်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိရုံးသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဦးစီးအရာရှိ ဦးစိုးသန်းနှင့်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✧

ကမ္ဘာ့အကြီးဆုံး ရုပ်မြင်သံကြားဖန်သားပြင် စတင်ပြသ

တိုကျို ဇန်နဝါရီ ၈

ဂျပန်နိုင်ငံရှိ မတ်ဆုရှိတာ လျှပ်စစ်စက်မှုလုပ်ငန်းကုမ္ပဏီသည် ကမ္ဘာ့အကြီးဆုံးသော ရုပ်မြင်သံကြားဖန်သားပြင်ကို အများပြည်သူတို့အား ယနေ့စတင်ပြသကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

မတ်ဆုရှိတာကုမ္ပဏီက တီထွင်ထုတ်လုပ်ထားသော လက်မ ၁၅၀ ပလာစမာ ရုပ်မြင်သံကြားဖန်သားပြင်၏ ဖန်သားပြင်မှာ အမြင့် ၁ဒသမ၈၇မီတာနှင့် ဖြက်၃ဒသမ၃၁မီတာ ရှိသည်။

အဆိုပါ ရုပ်မြင်သံကြားဖန်သားပြင်အမျိုးအစားသစ်ကို ဈေးကွက်တင်ရောင်းချရန်သင့်၊ မသင့် ဈေးကွက်သုတေသီများကလေ့လာလျက်ရှိပြီး ရောင်းတမ်းဝင်မည်ဆိုပါက ၂၀၀၉ ခုနှစ်အမီ ဈေးကွက်အတွင်းသို့ ဝင်ရောက်လာမည်ဖြစ်သည်။ မတ်ဆုရှိတာကုမ္ပဏီသည် ကမ္ဘာ့အကြီးဆုံး ရုပ်မြင်သံကြားဖန်သားပြင်အမျိုးအစားအတွက် ဈေးနှုန်းသတ်မှတ်ရခြင်းမရှိသေးပေ။

စာမျက်နှာ ၈ ကော်လံ ၃ သို့ ❍

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC
★ RFA VOA BBC အဖျက်သမားများ သတိထား
★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား